# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၈၆)


၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက် | ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁၅ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၄)၊ အမှတ် (၁၁၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား




## စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၂၅) ကြိမ်မြောက် ငွေရတု အထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၄**

(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။



အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း


*စာမျက်နှာ ၃ ကော်လံ ၁ ✻*



ပြည်လုံးကျွတ်သန်းခေါင်စာရင်း (၁၅) ရက်မြောက်နေ့ ကောက်ယူနေပါသည်။

## အဂတိကင်းစင် စေတနာဖြူစင်စွာဖြင့်သာလျှင်

ဒုတိယကမ္ဘာစစ်ကြီးပြီးစ ၁၉၄၅ ခုနှစ်တွင် ကုလသမဂ္ဂအဖွဲ့ကြီးကို နိုင်ငံပေါင်း ၅၀ ကျော်ဖြင့် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည်။ လူသားတို့၏ သမိုင်းတစ်လျှောက် အဆိုးရွားဆုံးသော အနိဋ္ဌာရုံများကို ဖြစ်ပေါ်စေခဲ့သည့် ကမ္ဘာစစ်ကြီးများ အနာဂတ်တွင် ထပ်မံမဖြစ်ပွားစေရန်၊ ငြိမ်းချမ်းသည့် ကမ္ဘာကြီးတည်ဆောက်ရန်ဟူသော ရည်ရွယ်ချက်များဖြင့် တည်ထောင်ခဲ့သည့် ကုလသမဂ္ဂအဖွဲ့ကြီးမှာ တစ်ဖက်တွင်လည်း နိုင်ငံကြီးများ အုပ်စုဖွဲ့အားပြိုင်ရာ၊ သံခင်းတမန်ခင်းလှုပ်ရှားရန် အသုံးချစရာ စင်မြင့်တစ်ခုလည်း ဖြစ်ခဲ့သည်။

၁၉၄၆ ခုနှစ် နှစ်ဦးပိုင်းတွင် ကျင်းပခဲ့သည့် ဖဆပလအဖွဲ့ချုပ်နိုင်ငံလုံးဆိုင်ရာ ညီလာခံ (အလယ်ပစ္စယံညီလာခံ) ၌ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် မိန့်ခွန်းတစ်နေရာတွင် “နိုင်ငံပေါင်းစုံကုလသမဂ္ဂသည် ကမ္ဘာ့ငြိမ်းချမ်းရေး၊ ကမ္ဘာ့လုံခြုံရေးအတွက် ထိထိရောက်ရောက် ဆောင်ရွက်နိုင်သော အဖွဲ့ကြီးဖြစ်လိုခဲ့ပါလျှင် နိုင်ငံကြီးနိုင်ငံငယ် စက်ဆုပ်ဖွယ်ကောင်းသော အတန်းအစားခွဲခြင်းတို့ကို ပပျောက်အောင် ပြုလုပ်သင့်ကြပေပြီ။” ဟူ၍ တွေ့ရှိရသည်။ ဆက်လက်၍လည်း နိုင်ငံကြီး နိုင်ငံငယ်ဆိုရာ၌ နိုင်ငံအကျယ်အဝန်းအရလည်းကောင်း၊ လူဦးရေအရလည်းကောင်း ကျယ်ဝန်းကြီးမားသည့် အိန္ဒိယကို နိုင်ငံကြီးဟု မသတ်မှတ်ဘဲ ဂျပန်၊ အီတလီတို့ကို နိုင်ငံကြီးအဖြစ် သတ်မှတ်ခဲ့ခြင်းကိုလည်း ဝေဖန်ထောက်ပြခဲ့သည်ကို တွေ့ရသည်။ သို့ဖြစ်ရာ ကုလသမဂ္ဂသည် ရည်ရွယ်ချက်ကောင်းများဖြင့် ဖွဲ့စည်းထားသည့် ကမ္ဘာလုံးဆိုင်ရာ အဖွဲ့အစည်းကြီးတစ်ခုဖြစ်သော်ငြား အင်အားကြီးနိုင်ငံအချို့တို့၏ မဟာဗျူဟာ အကျိုးစီးပွားများအတွက် ခုတုံးလုပ်စရာဖြစ်ခဲ့သည်မှာ ၎င်းကို တည်ထောင်စအချိန်မှစ၍ နှစ်ပေါင်း ၈၀ ခန့်ကြာ မျက်မှောက်ကာလထိအောင် ဖြစ်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ ကုလသမဂ္ဂနှင့် လက်အောက်ခံအေဂျင်စီများ၊ အဖွဲ့အစည်းများအတွင်း ဝင်ရောက်ခြယ်လှယ်နေသည့် အင်အားကြီးနိုင်ငံအချို့နှင့် အပေါင်းအပါ နိုင်ငံအဖွဲ့အစည်းများ၏ ကြိုးကိုင်မှုများကြောင့် တစ်ဖက်စောင်းနင်း ဘက်လိုက်မှု၊ မမျှတမှုများလည်း ပေါ်ပေါက်လာသည်။

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ပြီးခဲ့သည့်စက်တင်ဘာ ၉ ရက်မှ အောက်တိုဘာ ၁၁ ရက်အတွင်း ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ (၅၇) ကြိမ်မြောက် အစည်းအဝေးကို ကျင်းပခဲ့ရာ မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးယန္တရား(IIMM)၏ အစီရင်ခံစာအပေါ် အပြန်အလှန်ဆွေးနွေးပွဲနှင့် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး၏ အစီရင်ခံစာအပေါ် အပြန်အလှန်ဆွေးနွေးပွဲတို့လည်း ပါဝင်သည်။ အဆိုပါ အပြန်အလှန်ဆွေးနွေးပွဲနှစ်ရပ်လုံးသည် မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ အတည်မပြုနိုင်သည့် အချက်အလက်များနှင့် အထင်အမြင်လွဲမှားစေသည့်အချက်များအပေါ် အခြေခံသည့် စွပ်စွဲချက်များအပေါ်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး စွပ်စွဲခံနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံ မပါဝင်ဘဲ၊ တစ်နည်းအားဖြင့် ခုခံခွင့်၊ ချေပခွင့်မရဘဲ ပြုလုပ်ခဲ့ခြင်းဖြစ်ရာ ကိုယ့်ဖဲကိုယ်ချိုးပြီး ကိုယ့်ဘာသာကိုယ် ရိုက်ခဲ့ကြခြင်းပင်ဖြစ်သည်။

ဂျီနီဗာမြို့ အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှုယန္တရား( IIMM) ကို လူ့အခွင့်အရေးကောင်စီက ၂၀၁၈ ခုနှစ်တွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ၎င်းထက်တစ်နှစ်စောကာ ၂၀၁၇ ခုနှစ်အတွင်း မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေးမစ်ရှင် (FFM) ဆိုသည်ကိုလည်း ဖွဲ့စည်းခဲ့ပြီး ၂၀၁၉ ခုနှစ် စက်တင်ဘာအတွင်း သက်တမ်းကုန်ခဲ့သည်။ FFM သည် ဘင်္ဂါလီအရေးကိုအကြောင်းပြကာ မြန်မာနိုင်ငံကို နိုင်ငံရေးအရ ဖိအားပေးရန် ကုလသမဂ္ဂနှင့် လူ့အခွင့်အရေးကောင်စီတို့နောက်မှ လက်မည်းကြီးများက ဖန်တီးခဲ့ကြခြင်းဖြစ်ပြီး ဆက်လက်၍ IIMM ကို တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁၅ သန်း အကုန်အကျခံကာ သက်တမ်းအကန့်အသတ်မရှိ ဖန်တီးထားကြခြင်းဖြစ်သည်။ လူ့အခွင့်အရေး၊ လူသားချင်းစာနာထောက်ထားမှု စသောစကားလုံးများကို ရေလဲနှင့် သုံးနေသော်လည်း ယင်းစကားလုံးများသည် မြန်မာနိုင်ငံကို ဖိအားပေးရန် အသုံးပြုခြင်းသက်သက်မျှသာဖြစ်သကဲ့သို့ မြန်မာနိုင်ငံ ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများနှင့် စိန်ခေါ်မှုများကို ဖြေရှင်းနိုင်စေရန် စေတနာမပါ။

အဆိုးဆုံးမှာ မြန်မာနိုင်ငံတွင် အကြမ်းဖက်အဖွဲ့အစည်းများ ကျူးလွန်နေသည့် အကြမ်းဖက်မှုလုပ်ရပ်များ၊ အပြစ်မဲ့ပြည်သူများအပေါ် အကြမ်းဖက်မှုများကို ပေါ့ပေါ့တန်တန်သဘောထားခြင်း၊ လျှော့ပေါ့ခြင်းအားဖြင့် နောက်ထပ်ကျူးလွန်မည့် အကြမ်းဖက်လုပ်ရပ်များအပေါ် အားပေးရာရောက်သည့် ဆောင်ရွက်ချက်များကို လူ့အခွင့်အရေးကောင်စီ မဟာမင်းကြီးကဲ့သို့သောပုဂ္ဂိုလ်က ပြုမူခဲ့ခြင်း သို့မဟုတ် ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟ စသော အဂတိအမှုကို ကျူးလွန်ခဲ့ခြင်းပင်ဖြစ်ရာ မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ အစီရင်ခံမှုများ၊ ဆွေးနွေးမှုများတွင် အဂတိကင်းစင်စွာ အပြုသဘောစိတ်စေတနာ ဖြူစင်စွာဖြင့် ဆောင်ရွက်ကြရေး မြန်မာပြည်သူ လူထုကိုယ်စား တိုက်တွန်းအပ်ပါကြောင်း။ ။



## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော ဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့ ဆဋ္ဌမအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာဖိုရမ်သို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၁၄**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသအမှူးပြုသော ဆရာတော်ကြီး ကိုးပါး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွန့်အောင်နှင့် ဗုဒ္ဓဘာသာ ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နင်းဘိုမြို့တွင် အောက်တိုဘာ ၁၅ ရက်မှ ၁၇ ရက်အထိ ကျင်းပပြုလုပ်မည့် ၂၀၂၄ ခုနှစ် ဆဋ္ဌမအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာဖိုရမ်သို့ တက်ရောက်ရန် ယနေ့ မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားကြသည်။

**သတင်းစဉ်**

## ငယ်ငယ်တုန်းက သီတင်းကျွတ်

* စန်းယုံရွှန်းပြ၊ တိမ်လွတ်ညဝယ်
ဗုဒ္ဓ မြတ်စွာ၊ ဝတ်ိသာမှ
လူ့ရွာသက်ဆင်း၊ ကြည်ညိုခြင်းဖြင့်
ထိန်လင်းစေသော်ဝ်၊ မီးပူဇော်သည်
တူပျော်နွဲ့ကြ ဝါကျွတ်လ။

* ပြာဝါစိမ်းနီ၊ လင်းလက်ကြည်စွ
ဆီစိမ်မီးပုံး၊ ပန်းစုံကုံးသို့
ပိုးစုန်းကြူးငယ်၊ ရှုံးလောက်ဖွယ်တည့်
မီးစွယ်သေးမှိန်၊ စုမိချိန်မူ
ထိန်ညီးရွှန်းတောက်၊ ညဥ့်မှောင်ဖောက်သည်
ကြွရောက်ရှင်တော် ပူဇော်တကား။

* လူသူခပင်း
မြို့တွင်းလှည့်လည်၊ ပွဲတော်စည်စွ
မီးကျည်မီးရှူး၊ မိုးယံမြူး၍
ထူးကဲသဏ္ဌာန်၊ မီးပုံးပျံလည်း
အားအန်ဖြိုးကြွ၊ မှိုင်းပြည့်ဝလျှင်
ကြိုးစဖြတ်လျက်၊ ရိပ်ရိပ်တက်ပြီ
လက်ခုပ်လက်ဝါး မြိုင်တကား။

* ကစားဖော်တို့
မြူးပျော်စနောက်၊ လန့်အောင်ခြောက်ကြ
ဖြောက်အိုးသံလွှမ်း၊ ဝှေ့ဝှေ့ယမ်းက
မီးပန်းမီးပွား၊ လွင့်ဖြာသွားခဲ့
စပါးကြီးမြွေ၊ ညှို့မိလေသို့
နေရာဟောင်းမှ၊ ထွက်မရချေ
ဝက်ပါလမ်း၊ မမောပန်းနိုင်
ငယ်ကျွမ်းဖော်တို့ ပျော်တကား။

* လူကြီးသူမ၊ ဂါရဝဖြင့်
ဦးချနှိမ်ကာ၊ ကန်တော့ရာဝယ်
သာခုဆုပေး၊ မုန့်ဖိုးပေးခဲ့
ရှေးထုံးမွေနှစ်၊ စွဲမြဲချစ်၍
နှစ် ရာထောင်တိုင်၊ မမေ့နိုင်တည့်
ပြိုင်ဆိုင်မဲ့ကင်း၊ ဟန်ဆောင်ကင်းကာ
ကောင်းခြင်းပျံ့မွှေး၊ လွန်ယဉ်ကျေးသော
ရှေးကစဉ်လာ၊ တို့ရိုးရာကို
ခါခါအောက်မေ့ မိတကား။ ။

ကို(တက္ကသိုလ်)

## မြန်မာအပြည်ပြည်ဆိုင်ရာ အနုညာတခံ့ရုံးအသင်းမှ ရေဘေးလှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၄**

မြန်မာအပြည်ပြည်ဆိုင်ရာအနုညာတခံ့ရုံးအသင်း(MIAC)မှ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများသို့ အလှူငွေနှင့် အဝတ်အထည်များ၊ စားသုံးကုန်များ ပေးအပ်လှူဒါန်းပွဲကို အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။



အခမ်းအနားတွင် ကိုယ်တိုင်ကိုယ်ကျ သွားရောက်လှူဒါန်းပေးကြမည့် ပဲခူးမြို့ရှိ ကလျာဏမိတ္တအသင်းဥက္ကဋ္ဌ ဦးတင်မြင့်ထံသို့ MIAC ဗဟိုဥက္ကဋ္ဌ ဦးအဲလ်ဘတ်ဇော်မင်း၊ ပဲခူးတိုင်းဒေသကြီး MIAC ဥက္ကဋ္ဌ ဦးခင်မောင်ရွှေနှင့် တာဝန်ရှိသူများက လှူဒါန်းမည့် ပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

**တင်ဝင်းတင်**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ ပြည်ထောင်စုဖွား တိုင်းရင်းသားတို့၏ တိုင်းရင်းသားတူရိယာရိုးရာ သံစုံတေးဂီတအဖွဲ့၏ စုပေါင်းတီးခတ်ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

*❊ ရှေ့ဖုံးမှ*

စစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှ ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အကဲဖြတ်ပညာရှင်ကြီးများ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ အထောက်အကူပြုများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့က (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

### ပြိုင်ပွဲဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် အခမ်းအနားဒုတိယပိုင်းကို စတင်ကျင်းပရာ ပြည်ထောင်စုဖွားတိုင်းရင်းသားတို့၏ တိုင်းရင်းသားတူရိယာရိုးရာသံစုံတေးဂီတအဖွဲ့၏ စုပေါင်းတီးခတ်ဖျော်ဖြေမှုဖြင့် တင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို တက်ရောက်လာ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့က (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ကြသည့် ဧည့်ပရိသတ်များအားလုံး နှလုံးစိတ်ဝမ်းချမ်းမြေ့ကြပါစေ၊ မိမိတို့၏ အမျိုးသားယဉ်ကျေးမှုကို မြတ်နိုးထိန်းသိမ်းမြှင့်တင်ပြီး မိမိနိုင်ငံ၊ မိမိလူမျိုး၏ ဂုဏ်သိက္ခာမြင့်မားအောင် ကြိုးပမ်းစွမ်းဆောင်နိုင်သူများဖြစ်ကြပါစေဟု ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါကြောင်း။

### ဂုဏ်သိက္ခာရှိရှိ ဝင့်ကြွားစွာရပ်တည်နိုင်ခဲ့

မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ပြည်ထောင်စုတိုင်းရင်းသား သွေးချင်းများသည် နှစ်ပေါင်းထောင်ချီရှည်လျားသည့် သမိုင်းစဉ်တစ်လျှောက်တွင် စည်းလုံးညီညွတ်စွာ အတူတကွနေထိုင်လာခဲ့ကြကြောင်း၊ ထို့ပြင် ထုထည်ပမာဏကြီးမားခိုင်ခံ့သည့် မြန်မာ့ယဉ်ကျေးမှုအုတ်မြစ်ကြီးများကို စိုက်ထူနိုင်ခဲ့သည့်အပြင် ကမ္ဘာ့အလယ်၌ ထူးခြားလေးနက်သည့် ကိုယ်ပိုင်မြန်မာ့မူဟန်အပြည့်ဖြင့် ဂုဏ်သိက္ခာရှိရှိ ဝင့်ကြွားစွာ ရပ်တည်နိုင်ခဲ့ကြကြောင်း။

### တစ်မျိုးသားလုံးကြိုးပမ်းဆောင်ရွက်နေ

ယခုကဲ့သို့ ဂုဏ်ယူဝင့်ကြွားဖွယ် မြန်မာ့ဂုဏ်ရည်များ အစဉ်ထာဝရ ရှင်သန်ပွင့်လန်းနေစေရန်အတွက် တစ်မျိုးသားလုံး ကြိုးပမ်းဆောင်ရွက်နေကြသည့် အမျိုးသားအဆင့် ပွဲတော်များစွာရှိကြောင်း၊ ထိုအထဲမှ ယခုကဲ့သို့မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို အစဉ်အလာမပျက် ဆင်နွှဲကျင်းပနိုင်ခြင်းသည်လည်း မြန်မာလူမျိုးတို့၏ ဇာတိသွေး၊ ဇာတိမာန်နှင့် အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်ပေးသည့် ကြိုးပမ်းမှု၊ တစ်နည်းအားဖြင့် အမျိုးသားရေးစိတ်ဓာတ်ကို ပိုမိုတက်ကြွအောင် လှုံ့ဆော်ပေးသည့် ကြိုးပမ်းမှုတစ်ရပ်ဖြစ်သည်ကို ပြောကြားလိုကြောင်း။

### ငွေရတုမှတ်တိုင်ကို စိုက်ထူနိုင်ခဲ့ပြီဖြစ်

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို ခမ်းနားသိုက်မြိုက်စွာဖြင့် ပြည်ထောင်စုသားအားလုံး ပူးပေါင်းပါဝင်ပြီး အောင်အောင်မြင်မြင်ဖြင့် ကျင်းပလာခဲ့သည်မှာ ယခုအခါ ငွေရတုမှတ်တိုင်ကို စိုက်ထူနိုင်ခဲ့ပြီဖြစ်ကြောင်း။

အမျိုးသားယဉ်ကျေးမှုများ အရှည်တည်တံ့ခိုင်မြဲစေရေးအတွက် အမျိုးသားရေးကိုယ်ခံအားတည်ဆောက်ပေးလျက်ရှိရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများသည် အရေးပါသည့်အခန်းကဏ္ဍမှ အထောက်အကူပြု စွမ်းဆောင်ပေးလျက်ရှိသည်ကို ပြောကြားလိုကြောင်း။

၁၉၉၃ ခုနှစ်မှ စတင်ပြီး ယနေ့တိုင်ကျင်းပပြုလုပ်ခဲ့သည့် ပြိုင်ပွဲကြီးများ၏ ကျေးဇူးကြောင့် ယင်းအချိန်က ဝါသနာရှင်မျိုးဆက်သစ်လူငယ်များသည် ယခုငွေရတုပြိုင်ပွဲကာလတွင် ပညာရှင်အဆင့် အနုပညာရှင်ကြီးများအဖြစ် မြင်တွေ့နေကြရပြီဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝါသနာရှင်သွေးချင်းမောင်နှမများကို အနုပညာအမွေလက်ဆင့်ကမ်းပေးဝေနေကြပြီဖြစ်သဖြင့် အမျိုးသားရေးအတွက် အားရကျေနပ်ဖွယ်ရာဖြစ်သည်ကို ပြောကြားလိုကြောင်း။

### တူညီစွာပါဝင်လျက်ရှိနေ

မိမိတို့ မြန်မာနိုင်ငံသည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း ဟူသည့် မျိုးနွယ်စုကြီးများ အတူတကွ ပေါင်းစည်းထားသည့် မြန်မာနိုင်ငံ၊ မြန်မာလူမျိုး၊ မြန်မာယဉ်ကျေးမှုဟူ၍ ဘုံသဘောဆောင်သည့် အမျိုးသားရေးစရိုက်လက္ခဏာကို လက်ခံကျင့်သုံးသည့် ပြည်ထောင်စုအဖြစ် စည်းလုံးညီညွတ်စွာ နေထိုင်လျက်ရှိကြကြောင်း၊ ထို့ကြောင့်လည်း မြန်မာတိုင်းရင်းသားများ၏ သုခုမအနုပညာကို လေ့လာကြည့်မည်ဆိုပါက တူရိယာပစ္စည်းများမည်သို့ပင် ကွဲပြားခြားနားစေကာမူ "ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်" ဆိုသည့်မြန်မာတို့၏တူရိယာငါးပါးအခြေခံတွင် တစ်စုတစ်စည်းတည်း တူညီစွာ ပါဝင်လျက်ရှိနေသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

အလားတူ တိုင်းရင်းသားအကများနှင့် ပတ်သက်ပြီး ကွဲပြားခြားနားသကဲ့သို့ရှိသော်လည်း **"စည်းနှင့်ဝါး"** ကို အခြေခံသည့် **"ခေါင်း၊ ခါး၊ ခြေ၊ လက်"** အစရှိသည့် ခန္ဓာကိုယ်အစိတ်အပိုင်းများကို လှုပ်ရှားကပြကြခြင်းသာဖြစ်ခြင်းကြောင့် မြန်မာနိုင်ငံသားအားလုံးတို့၏ အကများသည် တူညီသည့်အခြေခံအတွင်း၌ပင် ဆင့်ပွားတည်ရှိနေသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

*စာမျက်နှာ ၄ သို့*

**❑ မိမိတို့ မြန်မာနိုင်ငံသည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း ဟူသည့် မျိုးနွယ်စုကြီးများ အတူတကွပေါင်းစည်းထားသည့် မြန်မာနိုင်ငံ၊ မြန်မာလူမျိုး၊ မြန်မာယဉ်ကျေးမှု ဟူ၍ ဘုံသဘောဆောင်သည့် အမျိုးသားရေးစရိုက်လက္ခဏာကို လက်ခံကျင့်သုံးသည့် ပြည်ထောင်စုအဖြစ် စည်းလုံးညီညွတ်စွာ နေထိုင်လျက်ရှိ**

**❑ ထို့ကြောင့်လည်း မြန်မာတိုင်းရင်းသားများ၏ သုခုမအနုပညာကို လေ့လာကြည့်မည်ဆိုပါက တူရိယာပစ္စည်းများ မည်သို့ပင် ကွဲပြားခြားနားစေကာမူ "ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်" ဆိုသည့် မြန်မာတို့၏ တူရိယာငါးပါးအခြေခံတွင် တစ်စုတစ်စည်းတည်း တူညီစွာ ပါဝင်လျက်ရှိနေသည်ကို တွေ့ကြရမည်**

# “ ယဉ်ကျေးမှုဖလှယ်ကြခြင်းအားဖြင့် တစ်ဦး၏ယဉ်ကျေးမှုကို တစ်ဦးက သိရှိနားလည်လာပြီး တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးပွားစေရုံသာမက တိုင်းရင်းသားရိုးရာအနုပညာရပ်များ ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေးအတွက်လည်း များစွာအထောက်အကူပြုနိုင် ”



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားစဉ်။

*စာမျက်နှာ ၃ မှ*

ထို့ကြောင့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများတွင် ယဉ်ကျေးမှုဖလှယ်သည့်အနေဖြင့် ပြည်နယ်အသီးသီး၏ ရိုးရာအကများကို နှစ်စဉ်မဲနှိုက်စေပြီး မဲကျရာ တိုင်းရင်းသားရိုးရာအကကို တိုင်းဒေသကြီးနှင့် ပြည်နယ်များက အနုပညာရှင်များအနေဖြင့် အတူတကွပူးပေါင်းပါဝင်ယှဉ်ပြိုင်ကြသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဖလှယ်ကြခြင်းအားဖြင့် တစ်ဦး၏ ယဉ်ကျေးမှုကို တစ်ဦးက သိရှိနားလည်လာပြီး တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးပွားစေရုံသာမက တိုင်းရင်းသားရိုးရာအနုပညာရပ်များ ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေးအတွက်လည်း များစွာအထောက်အကူပြုနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း။

**သွေးစည်းညီညွတ်မှုကိုပါ အနုပညာဖြင့်သက်သေပြု**

ထို့အပြင် ယခုနှစ် ငွေရတုပြိုင်ပွဲကြီး၏ ဖွင့်ပွဲအခမ်းအနားတွင် တိုင်းရင်းသားများ၏ ရိုးရာတူရိယာများနှင့် စုပေါင်းတီးခတ်ထားသည့် တေးဂီတများဖြင့် ဖျော်ဖြေတင်ဆက်ကြခြင်းအပြင် ထူးခြားသောဝိသေသဖြစ်သည့် ပြည်နယ်များ၏ တိုင်းရင်းသားရိုးရာတေးဂီတများနှင့် ဂုဏ်ပြုဖျော်ဖြေနိုင်ခြင်းသည်လည်း ပြည်ထောင်စုဖွား မြန်မာတိုင်းရင်းသားအားလုံး၏ ရိုးရာအနုပညာအမွေအနှစ်တန်ဖိုးများကို ဖော်ထုတ်ပြသနိုင်ရုံသာမကပဲ သွေးစည်းညီညွတ်မှုကိုပါ အနုပညာဖြင့် သက်သေပြုတင်ဆက်ပြသခြင်းပင် ဖြစ်ကြောင်း။

ခေတ်အဆက်ဆက်ထွန်းကားလာခဲ့သည့် မြန်မာ့ယဉ်ကျေးမှုအနုပညာရပ်များသည် မြန်မာနိုင်ငံ သူ့ကျွန်ဘဝရောက်ခဲ့ရပြီးနောက် ကိုလိုနီနယ်ချဲ့တို့၏ ဖိနှိပ်ချိုးနှိမ်မှုများကို ခံခဲ့ရကြောင်း၊ သို့သော် မြန်မာအနုပညာရှင်များအနေဖြင့် ကိုလိုနီနယ်ချဲ့များ၏ ဖိနှိပ်မှုများကို ကြံ့ကြံ့ခံတွန်းလှန်ပြီး အမျိုးသားရေးစိတ်ဓာတ်အပြည့်ဖြင့် ကြိုးပမ်းထိန်းသိမ်းလာခဲ့ကြသည့်အတွက် ယနေ့အထိ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များသည် မြန်မာ့ရိုးရာသွင်ပြင်ဟန်ပန်အတိုင်း ရှေးမူမပျက် ဆက်လက်ဖြစ်ထွန်းနေသည်ကို ဂုဏ်ယူဝင့်ကြွားဖွယ် တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

ရဟန်းစာဆိုများအပါအဝင် လူပညာရှိ၊ ရဟန်းပညာရှိများသည် မြတ်ဗုဒ္ဓ၏ ဖြစ်တော်စဉ်များဖြစ်သည့် (၅၅၀) နိပါတ်တော်နှင့် ဇာတ်ကြီးဆယ်ဘွဲ့တို့ကို ပုံပြင်လိုတစ်မျိုး၊ ပျို့ကဗျာလင်္ကာစာပေလိုတစ်နည်း၊ စာဟောကွက်စိပ် ဇာတ်သဘင်လိုတစ်ဖုံ နည်းလမ်းမျိုးစုံဖြင့် ဖန်တီးဖွဲ့ဆိုပြီး အရွယ်သုံးပါးစလုံးအတွက် လိုက်ဖက်သည့် နည်းလမ်းရွေးချယ်ခံစားနိုင်စေရန် စီမံထားရစ်ခဲ့ကြကြောင်း။

ယခုနှစ်ပြိုင်ပွဲ၏ မဟာဇနကဇာတ်တော်ကြီးကပြတင်ဆက်မှုများတွင် **“မဟာဇနက”** ဇာတ်တော်ကြီးမှပေးလာသည့်သင်ခန်းစာဖြစ်သည့် ယောကျ်ားကောင်း၊ ယောကျ်ားမြတ်တို့၏ မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် မြင့်မားခိုင်ကျည်သည့် စိတ်ဓာတ်တို့ဖြင့် မှန်ကန်စွာ အားထုတ်ကြိုးပမ်းမည်ဆိုပါကမည်သို့ပင် အခက်အခဲအဟန့်အတားများ ကြုံတွေ့ရပါစေ ကျော်လွှားအောင်နိုင်ပြီး မိမိတို့မျှော်မှန်းသည့် ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိရစမြဲဖြစ်သည်ဆိုသည့် သင်ခန်းစာကို ပိုင်ပိုင်နိုင်နိုင် သရုပ်ဖော်သွားနိုင်ကြလိမ့်မည်ဟု ယုံကြည်ကြောင်း။

*စာမျက်နှာ ၅ သို့*

- ❖ **ခေတ်အဆက်ဆက်ထွန်းကားလာခဲ့သည့် မြန်မာ့ယဉ်ကျေးမှုအနုပညာရပ်များသည် မြန်မာနိုင်ငံ သူ့ကျွန်ဘဝရောက်ခဲ့ရပြီးနောက် ကိုလိုနီနယ်ချဲ့တို့၏ ဖိနှိပ်ချိုးနှိမ်မှုများကို ခံခဲ့ရ**
- ❖ **သို့သော် မြန်မာအနုပညာရှင်များအနေဖြင့် ကိုလိုနီနယ်ချဲ့များ၏ ဖိနှိပ်မှုများကို ကြံ့ကြံ့ခံတွန်းလှန်ပြီး အမျိုးသားရေးစိတ်ဓာတ်အပြည့်ဖြင့် ကြိုးပမ်းထိန်းသိမ်းလာခဲ့ကြသည့်အတွက် ယနေ့အထိ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များသည် မြန်မာ့ရိုးရာသွင်ပြင်ဟန်ပန်အတိုင်း ရှေးမူမပျက် ဆက်လက်ဖြစ်ထွန်းနေသည်ကို ဂုဏ်ယူဝင့်ကြွားဖွယ် တွေ့မြင်ကြရမည်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ အကဲဖြတ်ပညာရှင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

*စာမျက်နှာ ၄ မှ*

အလားတူ ပညာရှင်အဆင့် ရုပ်သေးပြိုင်ပွဲ၌ ကပြယှဉ်ပြိုင်မည့် **"ဝေဿန္တရာ"** ဇာတ်တော်ကြီးတွင်လည်း ပရမတ္ထပါရမီ၏ သဘောသဘာဝဖြစ်သည့် ပါရမီဖြည့်ဖက် ပုဂ္ဂိုလ်မြတ်တို့၏ ကျင့်ကြံပွားများရသည့် သီလကုသိုလ်အကျိုးနှင့် ဓမ္မနှင့်အဓမ္မ အားပြိုင်မှုတို့ကို ပေါ်လွင်အောင် ညွှန်းဖွဲ့တင်ဆက်နိုင်ကြလိမ့်မည်ဟုလည်း မျှော်လင့်ကြောင်း။

**အနုပညာစွမ်းပကားဖြင့် စွမ်းဆောင်ပေး**

အနုပညာရှင်များအားလုံးကို မေတ္တာရပ်ခံမှာကြားလိုသည်မှာ နှစ်ပေါင်းထောင်ချီ ခမ်းနားထည်ဝါစွာ ဖွံ့ဖြိုးစည်ပင်ခဲ့သည့် မြန်မာလူမျိုးတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာနှင့် ကိုယ်ပိုင်အမျိုးသားရေးစရိုက်လက္ခဏာများ တင့်တင့်တယ်တယ် ဆက်လက်ရှင်သန် ဖြစ်ထွန်းနေရစေရေး အနုပညာစွမ်းပကားနှင့် စွမ်းဆောင်ပေးကြရန်၊ မြန်မာလူမျိုးတို့၏ သမိုင်းကြောင်း ခိုင်မာနက်ရှိုင်းမှုနှင့် ယဉ်ကျေးမှုအဆင့်အတန်း ဝင့်ထည်မြင့်မားမှုတို့ကို ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲနေအောင် အနုပညာစွမ်းပကားဖြင့် စွမ်းဆောင်ပေးကြရန်၊ မျိုးဆက်သစ်လူငယ်များကို အမျိုးသားရေးစိတ်ဓာတ် ကိုယ်ခံအား ပြည့်ဝခိုင်မာအောင် အနုပညာစွမ်းပကားဖြင့် စွမ်းဆောင်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ပြည်ထောင်စုဖွားတိုင်းရင်းသားတို့၏ တိုင်းရင်းသားတူရိယာရိုးရာသံစုံတေးဂီတအဖွဲ့မှ တိုင်းရင်းသားဂီတပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။




ယင်းနောက် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ပြိုင်ပွဲကျင်းပရန် စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်**

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် အကဲဖြတ်ပညာရှင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားတို့၏ တိုင်းရင်းသားတူရိယာရိုးရာသံစုံတေးဂီတအဖွဲ့မှ တိုင်းရင်းသားဂီတပညာရှင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်၍ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ပြည်ထောင်စုဖွားတိုင်းရင်းသားတို့၏ တိုင်းရင်းသားတူရိယာရိုးရာသံစုံတေးဂီတအဖွဲ့မှ တိုင်းရင်းသားဂီတပညာရှင်များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။**

**ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကိုဖော်ထုတ်**

(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး စသည့် ဦးတည်ချက် (၄) ရပ်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်နှင့်အဖွဲ့ဝင်များ အမျိုးသမီးအကပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ပါဝင်ယှဉ်ပြိုင်ကပြနေမှုကို ကြည့်ရှုအားပေးစဉ်။

# ၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲ စတင်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၄**

၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းမှစတင်ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

**မဟာဂီတ တေးသီချင်းအဆိုပြိုင်ပွဲ**

ယနေ့တွင် **"မဟာဂီတ"တေးသီချင်းအဆိုပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) Signing Room ၌ ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကယားပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက ဆီးနှင်းပြိုက်ကျ(ကြိုး) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲ**တွင် ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက ခွာပြာသင်း(ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**ကာလပေါ် တေးသီချင်းအဆိုပြိုင်ပွဲ**

**"ကာလပေါ်"တေးသီချင်းအဆိုပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) Banquet Hall ၌ကျင်းပရာ **ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲ**တွင် ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက ပန်းစုံတဲ့တော သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက မြန်မာ့ဂီတ လှပဝေဆာသီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**အကပြိုင်ပွဲ**

**အကပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Plenary Hall ၌ ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲ**တွင် မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း ကကြိုးကကွက် စုံလင်စွာဖြင့် ယှဉ်ပြိုင်ကြသည်။

**အရေးပြိုင်ပွဲ**

**အရေးပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြန်မာ့ရိုးရာအမွေ အလှတိုးဖြာစေ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) ပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဂီတဖြင့် ပြည်အလှဆင် မည်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် ပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ထံတျာတေအစ မဟာဂီတ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "လူငယ်အားမာန် အမြဲရှင်သန် နိုင်ငံပြည်ကျိုးဆောင်သယ်ပိုး" ခေါင်းစဉ်ဖြင့်လည်းကောင်း ရသစုံလင်စွာ ဖော်ကျူးတေးဖွဲ့ ယှဉ်ပြိုင်ကြသည်။

*စာမျက်နှာ ၇ သို့*



အရေးပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပြိုင်ပွဲဝင်များ ပါဝင်ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။




မဟာဂီတအခြေခံပညာ(၁၅-၂၀) အမျိုးသမီး အဆိုပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မဇော်မဆီး ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။





ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းမိသားစုများနှင့် သဘင်ကိုချစ်မြတ်နိုးကြသည့် မိဘပြည်သူများက ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် “မဟာဇနက” ဇာတ်တော်ကြီးဖြင့် ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြု မဟာရေဇာတ်တော်ကြီးအဖွဲ့၏ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။

*စာမျက်နှာ ၆ မှ*

**စန္ဒရားအတီးပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) News Briefing Room ၌ ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ် မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက မင်္ဂလာသီရိမြေမြတ်စွာ (ဘွဲ့) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက တောမြိုင်ခြေလမ်း (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက ယမုန်နာ (ပတ်ပျိုး)သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

### စောင်းအတီးပြိုင်ပွဲ

**စောင်းအတီးပြိုင်ပွဲ**ကို အမျိုးသားပြတိုက် (နေပြည်တော်) ရှိ Mini Theatre ၌ကျင်းပရာ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ပန်းဟေဝန်” (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ရွှန်းရွှန်းမြ”(သီချင်းခံ) သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မှိုင်းရိပ်ကယ်တည့်” (ကြိုး) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲ**တွင် တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ထောင်ရောင်နေ” (သီချင်းခံ) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဇဗ္ဗူကျွန်းလုံး”(သီချင်းခံ) သီချင်းဖြင့်လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

### ဒိုးပတ်အတီးပြိုင်ပွဲ

**ဒိုးပတ်အတီးပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အဆင့်မြင့်ပညာအဆင့်ပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ပြိုင်ပွဲတွင် ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း မြူးကြွမြိုင်ဆိုင်စွာ တီးခတ်ယှဉ်ပြိုင်ကြသည်။




စောင်းအတီးပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ကယားပြည်နယ်မှ မခိုင်စုစုဝင်း၏ ယှဉ်ပြိုင်တီးခတ်နေမှုကို တွေ့ရစဉ်။

### ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲ

**ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲ**ကို အမျိုးသားပြတိုက်(နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ **အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်ယှဉ်ပြိုင်ကြသည်။

### ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲ

**ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် “ဝေဿန္တရာ” ဇာတ်တော်ကြီးဖြင့် မွန်ပြည်နယ်ကိုယ်စားပြု အောင်နန်းစိုး ရုပ်စုံသဘင်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ကျူးသည့် အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြ ယှဉ်ပြိုင်ကြသည်။

### ဇာတ်တော်ကြီးပြိုင်ပွဲ

**ဇာတ်တော်ကြီးပြိုင်ပွဲ**ကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ လေဟာပြင်ဇာတ်ရုံ၌ ကျင်းပရာ ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် “မဟာဇနက” ဇာတ်တော်ကြီးဖြင့် ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြု မဟာရေဇာတ်တော်ကြီးအဖွဲ့က မူရင်းဇာတ်တော်ကြီး၏ တီးလုံးတီးချက်များကို မြန်မာ့ဇာတ်သဘင်၏ ဆို ငို ပြော ပညာရပ်များ၊ အကအလှများနှင့် အနုပညာရသမြောက်ပေါင်းစပ်ပြီး ယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ သဘင်ကိုချစ်မြတ်နိုးကြသည့် မိဘပြည်သူများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူများ၊ မိဘများက ပြိုင်ပွဲနေရာအသီးသီး၌ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ ဗဟိုအဆင့်ဟူ၍ အဆင့်ဆင့် ကျင်းပခဲ့ခြင်းဖြစ်ပြီး ဗဟိုအဆင့်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၂၅၈၄ ဦး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကာ အကဲဖြတ်ပညာရှင် ဦးရေ ၁၈၀ ဖြင့် စနစ်တကျ စိစစ်အကဲဖြတ် အမှတ်ပေးသွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



စန္ဒရားအတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၀နှစ်မှ ၁၅နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ မချြူး၏ ယှဉ်ပြိုင်တီးခတ်နေမှုကို တွေ့ရစဉ်။

# ၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ မြင်ကွင်းပုံရိပ်များ



"ကာလပေါ်" တေးသီချင်းအဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ပါဝင်ယှဉ်ပြိုင်စဉ်။




"မဟာဂီတ" တေးသီချင်းအဆိုပြိုင်ပွဲ အခြေခံပညာအဆင့် (၁၅-၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ပါဝင်ယှဉ်ပြိုင်စဉ်။



အကပြိုင်ပွဲ အခြေခံပညာအဆင့် (၁၅-၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ပါဝင်ယှဉ်ပြိုင်စဉ်။



အရေးပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များ ပါဝင်ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။



အကပြိုင်ပွဲ အခြေခံပညာအဆင့် (၁၅-၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ပါဝင်ယှဉ်ပြိုင်စဉ်။




ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များ တီးခတ်ယှဉ်ပြိုင်စဉ်။



စောင်းအတီးပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ပါဝင်ယှဉ်ပြိုင်စဉ်။

# ၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ မြင်ကွင်းပုံရိပ်များ




ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲ အခြေခံပညာအဆင့် (၁၀-၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များ ပါဝင်ယှဉ်ပြိုင်မှုကို တွေ့ရစဉ်။




ဒိုးပတ်အတီးပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များ မြိုင်မြိုင်ဆိုင်ဆိုင်ဖြင့် ပါဝင်ယှဉ်ပြိုင်ကြစဉ်။




စောင်းအတီးပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ပါဝင်ယှဉ်ပြိုင်စဉ်။




ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် ဝေဿန္တရာဇာတ်တော်ကြီးဖြင့် မွန်ပြည်နယ် ကိုယ်စားပြု အောင်နန်းစိုး ရုပ်စုံသဘင်အဖွဲ့ ပါဝင်ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။



စောင်းအတီးပြိုင်ပွဲ အခြေခံပညာအဆင့် (၁၅-၂၀နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ပါဝင်ယှဉ်ပြိုင်စဉ်။

# ထူးခြားပြီးအနှစ်သာရပြည့်ဝတဲ့ ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှုပြိုင်ပွဲကြီးမှာ ဝင်ရောက်ဆင်နွှဲယှဉ်ပြိုင်ခွင့်ရတဲ့ ပြိုင်ပွဲဝင်တွေကိုယ်စား အလွန်ပဲဂုဏ်ယူမိပါတယ်။

ဦးငွေအောင်(လူမှုရေးရာဝန်ကြီး)

(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို နေပြည်တော်၌ နိုင်ငံတော်အဆင့် ခမ်းနားထည်ဝါစွာဖြင့် ကျင်းပလျက်ရှိရာ အဆိုပါပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်များ၊ အကဲဖြတ်ပညာရှင်များနှင့်တွေ့ဆုံ၍ ၎င်းတို့၏ ရင်တွင်းခံစားချက်များကို ဖော်ထုတ်ရေးသားတင်ပြလိုက်ပါသည်။

**ဦးငွေအောင်(လူမှုရေးရာဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး)**

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်မှာ သုံးကြိမ်မြောက်ဖြစ်သလို ၁၉၉၃ ခုနှစ်က စတင်ကျင်းပခဲ့တဲ့ ဒီပြိုင်ပွဲကြီးက ဒီနှစ်မှာ (၂၅)ကြိမ်မြောက် ငွေရတုလည်းဖြစ်တဲ့အတွက် နိုင်ငံတော်အတွက် သာမက အနုပညာရှင်များအတွက်ပါ ထူးခြားတဲ့ နှစ်တစ်နှစ်ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအနေနဲ့ ဘာသာရပ်အားလုံးမှာ ၃၉၄ နေရာ ပါဝင်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။ ပြိုင်ပွဲဝင်ဦးရေနဲ့ အုပ်ချုပ်သူစုစုပေါင်း ၆၀၆ ဦးက ပြိုင်ပွဲဝင်ဖို့ အသင့်အနေအထား ပြင်ဆင်ထားရှိပြီးဖြစ်ပါတယ်။ အခုနှစ်မှာတော့ အထူးသဖြင့် (၁၀-၁၅) အသက်ငယ်တန်းတွေက ဘာသာရပ်အားလုံးကို ပါဝင်ယှဉ်ပြိုင်တာဖြစ်တဲ့အတွက် အားရကျေနပ်မိပါတယ်။ ယခင်နှစ်က ရွှေတံဆိပ် ၈၈ ခု၊ ငွေတံဆိပ် ၂၇ ခု၊ ကြေးတံဆိပ် ၂၇ ခု ရရှိခဲ့ပါတယ်။ ဒီနှစ်က ငွေရတုအထိမ်းအမှတ်ဖြစ်တဲ့အတွက် ယမန်နှစ်ကထက် အရည်အချင်းတွေပိုကောင်းအောင် ကြိုးစားထားတဲ့ ပြိုင်ပွဲဝင်တွေကိုလည်း တွေ့ရှိရပါတယ်။ ပြိုင်ပွဲဝင်အားလုံးကလည်း သူတို့သက်တမ်းမှာ ငွေရတုဆိုတဲ့ အထိမ်းအမှတ်မှာ ပါဝင်ဆင်နွှဲယှဉ်ပြိုင်နိုင်တဲ့ အဆင့်ဖြစ်တဲ့အတွက် အလွန်ဂုဏ်ယူနေကြပါတယ်။ နိုင်ငံတော်အကြီးအကဲအပါအဝင် နိုင်ငံတော်အနေနဲ့လည်း ဖွင့်ပွဲကြီးကို ခမ်းခမ်းနားနားနဲ့ ဆောင်ရွက်ပေးတဲ့အတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက အနုပညာရှင်တွေက ဝမ်းသာဂုဏ်ယူလျက်ရှိပါတယ်။ ကိုယ့်ယဉ်ကျေးမှုကို ထိန်းသိမ်းနိုင်ဖို့အတွက် အခုလိုပွဲကြီးက မဖြစ်မနေကျင်းပရမယ့် ပွဲကြီးဖြစ်ပါတယ်။ ဖွင့်ပွဲကြီးမှာ တိုင်းရင်းသားအားလုံးရဲ့ တူရိယာပစ္စည်းတွေနဲ့ တီးခတ်မှုတွေအပါအဝင် ရိုးရာယဉ်ကျေးမှုအားလုံးကို မြင်တွေ့ရတာဖြစ်တဲ့အတွက် အထူးပင် ဝမ်းသာဂုဏ်ယူဖြစ်မိပါကြောင်း ပြောကြားလိုပါတယ်။

**ဦးညွန့်ဝင်း (ညွှန်ကြားရေးမှူးချုပ်၊ အနုပညာဦးစီးဌာန)**

ဒီနှစ်မှာတော့ ထူးထူးခြားခြား (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပခြင်းဖြစ်ပါတယ်။ ဒီပြိုင်ပွဲကြီးကို ဦးတည်ချက် (၄) ရပ်နဲ့ ကျင်းပခြင်းဖြစ်ပါတယ်။ ငွေရတုအထိမ်းအမှတ်ဖြစ်တဲ့အတွက် ဖွင့်ပွဲအခမ်းအနားနဲ့ ပြိုင်ပွဲတွေမှာရော ယခင်နှစ်များနဲ့မတူဘဲ တစ်မူထူးခြားဖို့ လမ်းညွှန်ချက်ရှိပါတယ်။ ဖွင့်ပွဲအခမ်းအနားကို အပိုင်း ၂ ပိုင်းနဲ့ ကျင်းပခဲ့တာဖြစ်ပါတယ်။ ခန်းမအထဲအဝင် လျှောက်လမ်းမှာ အမျိုးသားယဉ်ကျေးမှုနဲ့ အနုပညာတက္ကသိုလ်နှစ်ခု ပူးပေါင်းပြီး ပျူခေတ်၊ ပုဂံခေတ်၊ အင်းဝခေတ်ဆိုပြီး ခေတ်သုံးခေတ်ကို ကိုယ်စားပြုတဲ့ အကနဲ့ ကြိုဆိုခဲ့ပါတယ်။ ဒီနှစ်မှာတော့ ထူးထူးခြားခြားအနေနဲ့ တိုင်းရင်းသားရှစ်မျိုးရဲ့ ရိုးရာတူရိယာ ၄၃ မျိုးနဲ့ သံစုံတီးဝိုင်းတီးပြီး ဖွင့်ပွဲအခမ်းအနားကို စတင်ခဲ့တာဖြစ်ပါတယ်။ ပြိုင်ပွဲကာလမှာလည်း တိုင်းရင်းသားတွေရဲ့ ကိုယ်ပိုင်ရိုးရာတူရိယာ တီးခတ်မှုပြိုင်ပွဲကို ကျင်းပမှာဖြစ်ပါတယ်။ ဒီပြိုင်ပွဲကြီးကို ၁၉၉၃ ခုနှစ်က ရည်ရွယ်ချက်ကြီးကြီးမားမား အနှစ်သာရ ပြည့်ပြည့်ဝဝ စတင်ကျင်းပခဲ့တဲ့ အကျိုးကျေးဇူးရဲ့အသီးအပွင့်တွေကို အများကြီးခံစားခဲ့ရပြီးဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ၂၅ နှစ်က ယှဉ်ပြိုင်ခဲ့တဲ့ ပြိုင်ပွဲဝင်တွေက အခုဆိုရင် အနုပညာလမ်းကြောင်းပေါ်ကို ပညာရှင်အဆင့်တွေနဲ့ ရပ်တည်နေတာကို တွေ့ရပါတယ်။ ဒါဟာ ထင်သာမြင်သာရှိတဲ့ အသီးအပွင့်တွေကို ရရှိခဲ့တာဖြစ်ပါတယ်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်တွေကို မျိုးဆက်သစ်လူငယ်တွေက ပိုပြီးလက်တွေ့သိမြင် ခံစားနေရပြီဖြစ်ပါတယ်။ မြန်မာ့ရိုးရာ ယဉ်ကျေးမှုဟာ ကိုယ်ပိုင်ယဉ်ကျေးမှုဖြစ်တယ်၊ ကိုယ်ပိုင်ဟန်ရှိတယ်ဆိုတာကို လူငယ်တွေ မျက်မြင်တွေ့ရပြီဖြစ်တဲ့အတွက် ဆက်လက်ထိန်းသိမ်းကြပါလို့ တိုက်တွန်းလိုပါတယ်။


ဦးငွေအောင်


ဦးညွန့်ဝင်း


ဒေါက်တာထင်လင်းအောင်


ဦးသန်းမြတ်စိုး


ဒေါက်တာအောင်နေမျိုး


ဦးအောင်တင်ဝင်း


ဦးဘိုဘိုမင်း

**ဒေါက်တာထင်လင်းအောင် (အုပ်ချုပ်သူ၊ ရောဝတီတိုင်းဒေသကြီး)**

ကျွန်တော်တို့ တိုင်းဒေသကြီးအနေနဲ့ အခု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ဖို့ ပြိုင်ပွဲဝင် ၂၆၄ ဦး ပါဝင်ပြီး ပြိုင်ပွဲအမျိုးအစားအကုန်လုံးနီးပါးကို ဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ ရွှေတံဆိပ်ဆုတွေရရှိဖို့ကိုလည်း မျှော်မှန်းထားပါတယ်။ ဆုရရှိဖို့အတွက်လည်း အခုဗဟိုအဆင့် ဝင်မပြိုင်ခင်မှာ ကလေးတွေကို အရည်အသွေးတွေ ပြည့်မီအောင် ဝါရင့်ပညာရှင်ကြီးတွေရဲ့ရှေ့မှာ ထပ်ပြီး အရည်အချင်းစစ်ပြိုင်ပွဲတွေ ထပ်လုပ်ပေးပါတယ်။ သူတို့တွေ ပြိုင်ပွဲအပေါ်မှာ ယုံကြည်မှုတွေရှိလာအောင် လေ့ကျင့်ပြင်ဆင်ပေးခဲ့ပါတယ်။ ဒီနှစ်က ငွေရတုအထိမ်းအမှတ်လည်း ဖြစ်တော့ အရင်နှစ်နဲ့မတူအောင် တစ်မူထူးထူးခြားခြားနဲ့ပြင်ဆင်ထားတဲ့အပိုင်းတွေလည်း ရှိပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်မှာ ပြိုင်ပွဲကြီးကို ကျင်းပလာတာ ဒီနှစ်နဲ့ဆို (၃)နှစ်ဆက်တိုက်ရှိပါပြီ။ အခုလို ပြိုင်ပွဲတွေကို ကျင်းပပေးတဲ့အတွက် နိုင်ငံသားတစ်ယောက်အနေနဲ့ အလွန်ကိုဂုဏ်ယူမိပါတယ်။ ရိုးရာယဉ်ကျေးမှု အမွေအနှစ်တွေကိုလည်း ထိန်းသိမ်းစောင့်ရှောက်ရာ ရောက်တဲ့ ဒီပွဲကြီးကို ကျင်းပပေးတဲ့အတွက် နိုင်ငံတော်အစိုးရကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါတယ်။ နိုင်ငံတိုင်း၊ လူမျိုးတိုင်းမှာ ကိုယ်ပိုင်ယဉ်ကျေးမှုတွေ ရှိကြပါတယ်။ ကျွန်တော်တို့ရဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှုကို မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ပေးတဲ့အတွက် ဝမ်းသာမိပါတယ်။ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်တွေမှာ အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍကနေ တစ်တပ်တစ်အားပါဝင်နိုင်ဖို့အတွက် နိုင်ငံသူ၊ နိုင်ငံသားတွေ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

**ဦးသန်းမြတ်စိုး (အကဲဖြတ်ပညာရှင်၊ အဆို၊ အရေးဘာသာရပ်)**

ဒီနှစ်ကတော့ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးရဲ့ (၂၅)နှစ်မြောက်ငွေရတုအထိမ်းအမှတ်ဖြစ်တဲ့အတွက် တာဝန်ရှိသူတွေက ထူးထူးခြားခြား ဆောင်ရွက်ထားတာတွေ့ရပါတယ်။ ပြိုင်ပွဲဝင်အရေအတွက်က အရင်နှစ်ကထက်ပိုပြီး ယှဉ်ပြိုင်လာတာတွေ့ရတော့ ဝမ်းသာပီတိဖြစ်ရပါတယ်။ အခုပြိုင်ပွဲဝင်တွေက မြန်မာ့ယဉ်ကျေးမှုအနုပညာကို ဆက်ခံပြီး နောင်လာနောက်သားတွေကို ဆက်လက်ဖြန့်ဝေသွားမှာဆိုတော့ အင်မတန်မှကောင်းမွန်တဲ့ ပြိုင်ပွဲကြီးဖြစ်ပါတယ်။

**ဒေါက်တာအောင်နေမျိုး (အုပ်ချုပ်သူ၊ ရှမ်းပြည်နယ်)**

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးက ကျယ်ကျယ်ပြန့်ပြန့်နဲ့ လုပ်သင့်လုပ်ထိုက်တဲ့ ပွဲကြီးတစ်ပွဲဖြစ်ပါတယ်။ အမျိုးသားယဉ်ကျေးမှု၊ အမျိုးသားသုခုမပညာဆိုတာ ပျောက်ကွယ်ကောင်းတဲ့ကိစ္စရပ်မဟုတ်ပါဘူး။ ကိုယ့်လူမျိုးတွေရဲ့ အနုပညာရပ်တိုင်းမှာ သင်ရိုးစစ်နဲ့ ခိုင်ခိုင်မာမာရှိပါတယ်။ အနုပညာတိုင်းက စနစ်နဲ့ တိုးတက်ဖွံ့ဖြိုးလာတဲ့ ပညာရပ်တွေဖြစ်တဲ့အတွက် ဆက်လက်ထိန်းသိမ်းပြီး တိုးတက်ပြန့်ပွားအောင် လုပ်ရမယ်ဆိုတဲ့ စိတ်ရှိပါတယ်။ ရိုးရာတူရိယာတွေက ကိုယ့်လူမျိုးစုအတွင်းမှာပဲ အသုံးများကြတာ ဖြစ်ပါတယ်။ အများမြင်ကွင်းမှာ မြင်ခွင့်ရဖို့ ခဲယဉ်းတဲ့ကိစ္စဖြစ်ပါတယ်။ အခုလိုပြိုင်ပွဲမှာ ထည့်သွင်းယှဉ်ပြိုင်ပြီး ချပြလိုက်တဲ့အခါမှာ အားလုံးမြင်ခွင့်ရတဲ့အတွက် တိုင်းရင်းသားအချင်းချင်း တူရိယာတွေပေါင်းစပ်ပြီး အနုပညာအသစ်တွေ တိုးတက်ဖန်တီးနိုင်တယ်ဆိုတဲ့ အတွေးအခေါ်တွေ များစွာရရှိသွားမယ်လို့ ယုံကြည်ပါတယ်။ တိုင်းရင်းသားတို့ရဲ့ ရိုးရာတူရိယာတေးဂီတပြိုင်ပွဲကို ထည့်သွင်းယှဉ်ပြိုင်စေတာဟာ အင်မတန်ကောင်းတဲ့ ရည်ရွယ်ချက်ဖြစ်ပါတယ်လို့ ပြောချင်ပါတယ်။

**ဦးအောင်တင်ဝင်း (ဥက္ကဋ္ဌ၊ အကဘာသာရပ်)**

(၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှာ အကဘာသာရပ် အကဲဖြတ်ဒိုင်အဖြစ် ပါဝင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အကဘာသာရပ်က ကျယ်ပြန့်ပါတယ်။ မြန်မာအကမှာ ခေါင်း၊ ခါး၊ ခြေ၊ လက်လေးချက်လှုပ်ရှားမှုကို စည်း၊ ဝါး နှစ်ချက်နဲ့ စစ်ဆေးမှာဖြစ်ပါတယ်။ လေးချက်ရဲ့ လှုပ်ရှားမှုကို အပြစ်ကြည့်ရှုပြီး တည်းဖြတ်အမှတ်ပေးမှာ ဖြစ်ပါတယ်။ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နှစ်စဉ်နှစ်တိုင်း ကျင်းပပေးလို့ နိုင်ငံတော်အကြီးအကဲကိုလည်း ကျေးဇူးတင်ပါတယ်။ အားလုံးက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ကိုယ့်သဘင်၊ အနုပညာ၊ ယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ကြပါလို့ ပြောချင်ပါတယ်။

**ဦးဘိုဘိုမင်း (အဆိုပြိုင်ပွဲဝင်၊ တနင်္သာရီတိုင်းဒေသကြီး)**

ကျွန်တော်က (၂၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှာ ဝါသနာရှင်(ပထမတန်း) ခေတ်ဟောင်း တေးဂီတကာလပေါ်ပြိုင်ပွဲနဲ့ ဝါသနာရှင်ဒုတိယတန်း အမျိုးဂုဏ်၊ ဇာတိဂုဏ်ပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ ပြိုင်ပွဲအတွက် ပထမရဖို့ အကောင်းဆုံး ကြိုးစားပြင်ဆင်လာပါတယ်။ ကျွန်တော့်လို အဆိုဝါသနာရှင်တွေအတွက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးက အရေးပါတဲ့ ပွဲကြီးတစ်ပွဲဖြစ်ပါတယ်။ ဒီပြိုင်ပွဲကြီးက ရရှိလာတဲ့ အသိပညာ၊ အတတ်ပညာတွေနဲ့ ပရိသတ်တွေကို အကောင်းဆုံးသီဆိုပြနိုင်တဲ့အတွက် ပြိုင်ပွဲကျင်းပပေးတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ပါတယ်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နောက်လာမယ့် မျိုးဆက်သစ်လူငယ်တွေက ပါဝင်ယှဉ်ပြိုင်ပြီး ကိုယ့်ယဉ်ကျေးမှုအမွေအနှစ်တွေကို ဆက်လက်ထိန်းသိမ်းကြပါလို့ ပြောချင်ပါတယ်။

**တွေ့ဆုံမေးမြန်း - အောင်ရဲသွင်၊ အေးအေးသန့်**

**ဓာတ်ပုံ - အေးအေးတီ**

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား "မြန်ဆန်စွာအကျိုးဖြစ်ထွန်းစေမည့်စီမံချက်များ (Quick Impact Projects-QIP)" အကောင်အထည်ဖော်ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ (MoU) များ လက်မှတ်ရေးထိုး

နေပြည်တော်  အောက်တိုဘာ ၁၄

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား "မြန်ဆန်စွာအကျိုးဖြစ်ထွန်းစေမည့်စီမံချက်များ (Quick Impact Projects-QIP)" အကောင်အထည်ဖော်ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ ငါးစောင် လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁) အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ သက်ဆိုင်ရာဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ သက်ဆိုင်ရာ အကောင်အထည်ဖော်မည့်ဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ ဒုတိယအကြီးအကဲ Mr. Ashish Sharma၊ အိန္ဒိယနိုင်ငံဘက်မှ တာဝန်ရှိကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် "စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် အခြေခံစက်နှင့် အခြေခံစက်ထားရန်အဆောက်အဦ စီမံချက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ"၊ "အဆင့်မြင့် စိုက်ပျိုးရေးသုတေသနနှင့် ပညာရေးဗဟိုဌာန ဗဟုသုတဘဏ် တည်ထောင်ခြင်း စီမံချက်အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ"၊ "မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံအောက်ရှိ ရက်ကန်းနှင့် အသက်မွေးပညာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံချက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ"၊ "မန္တလေးတိုင်းဒေသကြီးရှိ အမျိုးသမီးကလေးများကျောင်းအတွက် တစ်ထပ်အဆောက်အဦ ဆောက်လုပ်ခြင်းစီမံချက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ" နှင့် "ရန်ကုန်တိုင်းဒေသကြီး အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာန တည်ထောင်ခြင်းစီမံချက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ" တို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံး၏ ဒုတိယအကြီးအကဲ Mr. Ashish Sharma တို့က လက်မှတ်ရေးထိုးကြသည်။

စီမံချက်များသည် စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၂၅၀၀၀၀ ရှိပြီး "စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် အခြေခံစက်နှင့် အခြေခံစက်ထားရန် အဆောက်အဦစီမံချက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ"ကို လက်မှတ်ရေးထိုးအကောင်အထည်ဖော်ခြင်းအားဖြင့် စပါးစိုက်ပျိုးသည့် လူ့အဖွဲ့အစည်းများ၏ အသက်မွေးဝမ်းကျောင်းကို မြှင့်တင်နိုင်ခြင်း၊ "အဆင့်မြင့်စိုက်ပျိုးရေးသုတေသနနှင့် ပညာရေးဗဟိုဌာန ဗဟုသုတဘဏ် တည်ထောင်ခြင်း စီမံချက်အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ"ကို လက်မှတ်ရေးထိုး အကောင်အထည်ဖော်ခြင်းအားဖြင့် တက္ကသိုလ်အတွင်း ပညာရပ်နှင့် သုတေသနဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ၊ စာအုပ်စာတမ်းများ ရယူနိုင်သည့် ဗဟုသုတဘဏ်ထူထောင်နိုင်ခြင်း၊ "မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံအောက်ရှိ ရက်ကန်းနှင့် အသက်မွေးပညာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ"ကို လက်မှတ်ရေးထိုး အကောင်အထည်ဖော်ခြင်းအားဖြင့် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းများရှိ ဆရာဆရာမများသည် နည်းပညာရပ်များလေ့လာသင်ယူခွင့်ရရှိနိုင်ခြင်း၊ "မန္တလေးတိုင်းဒေသကြီးရှိ အမျိုးသမီးကလေးများကျောင်းအတွက် တစ်ထပ်အဆောက်အဦဆောက်လုပ်ခြင်း စီမံချက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ"ကို လက်မှတ်ရေးထိုး အကောင်အထည်ဖော်ခြင်းအားဖြင့် အမျိုးသမီးကလေးများ၏ လူနေမှုဘဝပိုမိုတိုးတက်ကောင်းမွန်လာစေခြင်းနှင့် "ရန်ကုန်တိုင်းဒေသကြီး အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာန တည်ထောင်ခြင်းစီမံချက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ"ကို လက်မှတ်ရေးထိုး အကောင်အထည်ဖော်ခြင်းအားဖြင့် ရန်ကုန်မြို့၌ နိုင်ငံတကာလူသားချင်းစာနာမှုအကူအညီများလက်ခံရာတွင် သယ်ယူပို့ဆောင်ရေးဆိုင်ရာဗဟိုဌာနအဖြစ် အမျိုးသားအဆင့် အကြီးစားဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာနအနေဖြင့် အထောက်အကူပေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်သည်။ စီမံချက်များအကောင်အထည်ဖော်ရေးအတွက် စီမံချက်ဆိုင်ရာ စောင့်ကြည့်စစ်ဆေးရေးပူးတွဲကော်မတီဖွဲ့စည်း၍ ကြီးကြပ်အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

QIP စီမံချက်များသည် နှစ်နိုင်ငံအစိုးရတို့အကြား လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သည့် အကူအညီပေးရေးဆိုင်ရာ သဘောတူစာချုပ်အရ ဆောင်ရွက်ခြင်းဖြစ်ပြီး စီမံချက်တန်ဖိုးအားဖြင့် စီမံချက်တစ်ခုလျှင် အမေရိကန်ဒေါ်လာ ၅၀၀၀၀ တန်ဖိုးခွင့်ပြုပေးခြင်းဖြစ်သည်။ ယမန်နှစ်ကလည်း အလားတူစီမံချက်သုံးခုကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်းနှင့် အဆိုပါ QIP စီမံချက်များကို မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေရန် အိန္ဒိယသမ္မတနိုင်ငံအစိုးရနှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်ရန်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာ - အိန္ဒိယ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်လျက်ရှိသော လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၄**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာအဘ်ဟေးတာကူးရ် (H.E. Mr. Abhay Thakur) ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ - အိန္ဒိယ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်လျက်ရှိသော လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်ချောမွေ့၍ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုတိုးတက်စေရန် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် အိန္ဒိယနိုင်ငံ၏ အကူအညီ အထောက်အပံ့ (Grant Aid) ဖြင့် ဆောင်ရွက်နေသော ယာကြီး - ကလေးဝလမ်းအပိုင်း အဆင့်မြှင့်တင်ခြင်း၊ တမူး - ကျီကုန်း - ကလေးဝလမ်းပေါ်ရှိ တံတား ၆၉ စင်း ပြုပြင်ထိန်းသိမ်းခြင်း၊ ပလက်ဝ - ဇိုရမ်ပူလမ်း အဆင့်မြှင့်တင် ဆောင်ရွက်ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ဝန်ကြီးဌာနမှ ဝန်ထမ်း အကြီးအမှူးများနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# လွိုင်လင်မြို့နယ် နောင်လိုင့်ကျေးရွာ၌ စက်ချုပ်နည်းပညာသင်တန်းဖွင့်

လွိုင်လင် အောက်တိုဘာ ၁၄

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့နယ်နောင်လိုင့်ကျေးရွာတွင် လွိုင်လင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဖွင့်လှစ်သည့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်း စက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲကို အဆိုပါကျေးရွာဘုန်းကြီးကျောင်းဓမ္မာရုံ၌ အောက်တိုဘာ ၁၄ ရက်က ပြုလုပ်သည်။

သင်တန်းတွင် လွိုင်လင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကြည်မြင့်က အမှာစကားပြောကြားပြီး သင်တန်းသူများအတွက် သင်တန်းသုံးပစ္စည်းများ ပေးအပ်သည်။ သင်တန်းသို့ သင်တန်းသူ ၁၀ ဦးတက်ရောက်ကာ သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **လွိုင်လင်မိုး**



# ကျိုက်ထိုမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ မုန့်လုပ်နည်းသင်တန်းဖွင့်လှစ်

**ကျိုက်ထို အောက်တိုဘာ ၁၄**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ မုန့်လုပ်နည်းသင်တန်းကို အောက်တိုဘာ ၁၄ ရက်က မြို့နယ်လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ကျိုက်ထိုခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်လှိုင်းဝေနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စန်းစန်းအေးတို့က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က သင်တန်းဖွင့်လှစ်ရခြင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြ ဆရာမဒေါ်နှင်းယုဝေက ငှက်ပျောကောက်ညှင်းထုပ်၊ ပဲကောက်ညှင်းထုပ်၊ ပြာရည်ထုပ်ပြုလုပ်ရာတွင် ပါဝင်ရမည့်ပစ္စည်းများနှင့် ပြုလုပ်ပုံအဆင့်ဆင့်တို့ကို လက်တွေ့သင်ကြားပြသပေးသည်။

သင်တန်းသို့ သင်တန်းသူ ၂၃ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျိုက်ထို(ပြန်/ဆက်)**

# ကမ္ဘာ့စံချိန်စံညွှန်းနေ့အခမ်းအနားနှင့် အမျိုးသားစံချိန်စံညွှန်းကောင်စီအစည်းအဝေး(၁/၂၀၂၄)ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၄**

အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းအဖွဲ့ကြီးမှ နိုင်ငံတကာစံချိန်စံညွှန်းရေးဆွဲသည့် ပညာရှင်များနှင့် ပြည်တွင်းရှိ မြန်မာစံချိန်စံညွှန်းများ ပေါ်ထွက်လာစေရန် ပါဝင်ဆောင်ရွက်သူများကို ဂုဏ်ပြုရန် ရည်ရွယ်၍ ကမ္ဘာ့စံချိန်စံညွှန်းနေ့အခမ်းအနားကို (၁၂)ကြိမ်မြောက်အခမ်းအနားကို ယနေ့တွင် နေပြည်တော်ရုံးအမှတ်(၂၁) သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ အမျိုးသား စံချိန်စံညွှန်းကောင်စီဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က ယခုနှစ် ကမ္ဘာ့စံချိန်စံညွှန်းနေ့(၂၀၂၄)၏ ဆောင်ပုဒ်မှာ "Achieving Industry, Innovation and Infrastructure through Artificial Intelligent (AI)" (ဉာဏ်ရည်တုနည်းပညာ(AI) ဖြင့် စက်မှုလုပ်ငန်း၊ ဆန်းသစ်တီထွင်မှုနှင့် အခြေခံအဆောက်အအုံများ ကောင်းမွန်စွာ ရရှိစေရန်) ဖြစ်ပါကြောင်း၊ အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများသည် တစ်ကမ္ဘာလုံး ဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်သောကြောင့် ဉာဏ်ရည်တု(AI) နည်းပညာဖြင့် နည်းပညာနှင့် ဆန်းသစ်တီထွင်မှုများကို အရှိန်မြှင့်တင်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာကဏ္ဍအလိုက် မြန်မာစံချိန်စံညွှန်း ၈၁၉ ခုကို အတည်ပြုချမှတ်နိုင်ခဲ့ပြီး ပြည်တွင်းရှိ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍနှစ်ရပ်လုံးတွင် စံချိန်စံညွှန်းများနှင့်အညီ ကျင့်သုံးခြင်းဖြင့် မိမိတို့၏ထုတ်ကုန်များ အရည်အသွေးပြည့်မီပြီး နိုင်ငံတကာအသိအမှတ်ပြုမှုကို ရရှိစေခြင်းကြောင့် ကုန်သွယ်မှုတွင် လွယ်ကူချောမွေ့စေပြီး ပို့ကုန်ကဏ္ဍ မြှင့်တင်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းအဖွဲ့ကြီး၏ အထွေထွေအတွင်းရေးမှူးချုပ် Mr. Sergio Mujica ၏ ကမ္ဘာ့စံချိန်စံညွှန်းနေ့ ဂုဏ်ပြုစကားနှင့် ကမ္ဘာ့စံချိန်စံညွှန်းနေ့(၂၀၂၄) ဆိုင်ရာ ဗီဒီယိုပြသသည်။

အခမ်းအနားသို့ အမျိုးသားစံချိန်စံညွှန်းကောင်စီဝင်များဖြစ်ကြသော ဆက်စပ်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ စံချိန်စံညွှန်းလုပ်ငန်းကော်မတီဝင်များ၊ စံချိန်စံညွှန်းရေးဆွဲရေး နည်းပညာဆပ်ကော်မတီဝင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၊ UMFCCI နှင့် ညီနောင်အသင်းများမှ ကိုယ်စားလှယ်များ၊ MSMEs အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် အရည်အသွေးကိုက်ညီမှု စစ်ဆေးရေးဆိုင်ရာအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆက်လက်၍ အမျိုးသားစံချိန်စံညွှန်းကောင်စီ အစည်းအဝေး(၁/၂၀၂၄) ကို Hybrid စနစ်ဖြင့် ကျင်းပရာ အမျိုးသားစံချိန်စံညွှန်းကောင်စီ အစည်းအဝေး (၁/၂၀၂၃)၏ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ အများပြည်သူသဘောထားမှတ်ချက်ရယူပြီး စံချိန်စံညွှန်းလုပ်ငန်းကော်မတီမှ စိစစ်တင်ပြလာသော မြန်မာစံချိန်စံညွှန်းနောက်ဆုံးအဆင့် မူကြမ်း(၇၀) ကို မြန်မာစံချိန်စံညွှန်းအဖြစ် အတည်ပြုသတ်မှတ်နိုင်ရေး၊ စံချိန်စံညွှန်းရေးဆွဲရေး နည်းပညာဆပ်ကော်မတီများမှ အဆိုပြုအဆင့်နှင့် နည်းပညာဆပ်ကော်မတီအဆင့်နှင့် Public comment အဆင့်တွင်ရှိသော မြန်မာစံချိန်စံညွှန်းမူကြမ်း (၈၃) ခု၊ မြန်မာစံချိန်စံညွှန်းများ ရောင်းချရာတွင် International ၊ Regional၊ WTO/TBT Agreement တို့နှင့် ကိုက်ညီစေရန် Soft Copy ဖြင့် ရောင်းချနိုင်ရေးနှင့် ဝန်ကြီးဌာနအသီးသီးမှ အရည်အသွေးအခြေခံအဆောက်အအုံ ခိုင်မာအားကောင်းစေရေးအတွက် ဆောင်ရွက်ချက်များကို ဆွေးနွေးကြသည်။ အမျိုးသားစံချိန်စံညွှန်း ကောင်စီဝင်များမှ နောက်ဆုံးအဆင့် မူကြမ်း (၇၀) ကို မြန်မာစံချိန်စံညွှန်းများအဖြစ် သတ်မှတ်ခြင်းနှင့် မြန်မာစံချိန်စံညွှန်းများကို နိုင်ငံတကာနည်းတူ Soft Copy ဖြင့် ရောင်းချနိုင်ရေးတို့ကို အတည်ပြုဆုံးဖြတ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ရောဝတီတိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း / အားကစားရုံများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၁၄**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် ဧရာဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်ရှိ မိုးလုံလေလုံ အားကစားခန်းမကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကန်ကြီးထောင့်မြို့နယ်ရှိ အားကစားကွင်း မီတာ (၄၀၀) မြေသားလမ်းပါ ဘောလုံးကွင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းခွင်ကို သွားရောက်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ အရာထမ်း /အမှုထမ်းများနှင့်တွေ့ဆုံ၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဖြစ်သည့်အတွက် အားကစား ကဏ္ဍတွင်သာမက လူငယ်ရေးရာကဏ္ဍများပါ ဝိုင်းဝန်းကူညီ ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်နှင့် တာဝန်ရှိသူများသည် အားကစားနှင့် ကာယပညာသိပ္ပံကျောင်း တည်ဆောက်ခြင်း၏ အဝင်မုခ်ဦး၊



အုတ်တံတိုင်း၊ ခြံစည်းရိုး၊ (ပေ ၁၃၀၀ x ၇ ပေ) နှင့် (၅၇၃၉ ပေ x ၇ ပေ) ကာရံခြင်း၊ မိုးလုံလေလုံ အားကစားရုံ ပေ (၁၂၀ x ၉၀) တည်ဆောက်နေသည့် လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ အရည်အသွေးပြည့်မီပြီး သတ်မှတ်အချိန်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရန်နှင့် လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် ကင်းသာရေထိန်းတမံ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက ရာဂီမုန်တိုင်းအလွန် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည့် နေပြည်တော် တပ်ကုန်းမြို့နယ် ကျောက်ဆည်ကျေးရွာအနီးရှိ ကင်းသာရေထိန်းတမံ ရေထုတ်ပြွန်မှတစ်ဆင့် ထိခိုက်ပျက်စီးမှုမရှိသည့် စိုက်ပျိုးဧကများ အမြန်ဆုံးရေပေးဝေနိုင်ရေး ဆောင်ရွက်ခြင်း၊ စက်ယန္တရားများအသုံးပြု၍ ရေပိုလွှဲမှရေစီးဆင်းမှု ပိုမိုကောင်းမွန်စေရန် ရေလမ်းကြောင်း ရှင်းလင်းခြင်း ဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။



ဦးစွာ တာဝန်ရှိသူများက မိုးသည်းထန်စွာ ရက်ဆက်ရွာသွန်းမှုကြောင့် ရေထိန်းတမံအတွင်းသို့ သိုလှောင်နိုင်သည့် ပမာဏထက်များစွာပိုမိုသောရေများ အလုံးအရင်းဖြင့် ဝင်ရောက်မှု၊ တမံထိခိုက်ပျက်စီးခဲ့မှု ဖြစ်စဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက တမံအတွင်း ပြည့်နှက်နေသည့် နုန်းများ၊ သဲများကို ဖယ်ထုတ်ခြင်း လုပ်ငန်းများကို အဆင့်လိုက် ဆောင်ရွက်နိုင်ရေးစီမံရန်၊ ကျိုးပေါက်နေသည့် တမံနေရာများ စနစ်တကျဖြင့် ပြန်လည်ပြုပြင်သွားရန်အတွက် ဒီဇိုင်းပုံစံအတိုင်း စနစ်တကျ ပြန်လည်ပြင်ဆင်နိုင်ရေး၊ ကင်းသာရေထိန်းတမံအောက်ပိုင်းရှိ လယ်မြေများတွင် သဲနုန်းများ ဖုံးလွှမ်းပျက်စီးခြင်း၊ ချောင်းရိုး ပြောင်းလဲခြင်းများ ဖြစ်ပေါ်ခဲ့သော်လည်း အချို့ကုန်းမြင့်ပိုင်းလယ်များမှာ ရေဖုံးလွှမ်းမှု၊ လုံးဝထိခိုက်မှုမရှိသည်ကို တွေ့ရှိရပြီး ထိခိုက်မှုမရှိသော လယ်မြေများကို ပန်းတိုင်အထွက်ရရှိအောင် ဆောင်ရွက်ပံ့ပိုးကူညီပေးနိုင်ရေး ဆွေးနွေးမှာကြားပြီး ကင်းသာ ရေထိန်းတမံအတွင်း ရေဝင်ရောက်သည့် ရေဝင်ချောင်းအထက်ပိုင်းရှိ ရိုးချောင်းများမှ ရေတိုက်စားမှုကြောင့် သဲနုန်းများ ထပ်မံဝင်ရောက်နိုင်သည့် အခြေအနေများ ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မုန်ရေထိန်းတမံဆည်ရေသောက်ဧရိယာအတွင်းရှိ စိုက်ပျိုးရေ ပေးဝေရေးအတွက် ရေသောက်စနစ်များ ပြန်လည်ပြုပြင်ပြီး ရေပေးဝေမှုအခြေအနေကိုကြည့်ရှုစစ်ဆေး၍ တောင်သူများ၏ လိုအပ်ချက်အခက်အခဲများကို သက်ဆိုင်ရာတာဝန်ရှိသူများ ဝိုင်းဝန်းဆွေးနွေးချိတ်ဆက် အဖြေရှာပေးကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

**နေပြည်တော် အောက်တိုဘာ ၁၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံစုစုပေါင်း ၁၂ ခုရှိရာ အောက်တိုဘာ ၁၄ ရက်တွင် ပေါင်းလောင်းရေလှောင်တမံ၌ ၃ ဒသမ ၇၀ ပေ ကန်ရေပြည့် အမှတ်အထက်ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်စီးဆင်းနေပြီး ယခင်နေ့နှင့် နှိုင်းယှဉ်ပါက ရေကျော်စီးဆင်းမှု အခြေအနေမှာ ၀ ဒသမ ၃၃ ပေတိုးလာခြင်းဖြစ်သည်။ ရေပိုလွှဲ၏ ကန်ရေပြည့်ရေမှတ်အထက်တွင် HED ရေတံခါး ၁၀ ချပ် ထောင်ထားသည်။

အဆိုပါရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများအား ၂၄ နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိပြီး စိုးရိမ်ရန်မရှိကြောင်း သိရသည်။

**သတင်းစဉ်**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

ရက်စွဲ - ၁၄.၁၀.၂၀၂၄

(၆ : ၀၀) နာရီ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

**အကြောင်းအရာ ။ ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။**


| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် ရေမှတ် (ပေ) | ကန်ရေပြည့် သိုလှောင်ရေပမာဏ (ဧကပေ) | ကန်ရေသေ ရေမှတ် (ပေ) | ကန်ရေသေ သိုလှောင်ရေပမာဏ (ဧကပေ) | (၁၄.၁၀.၂၀၂၄)နေ့ရှိ ဝင်ရေ (ဧကပေ) | (၁၄.၁၀.၂၀၂၄)နေ့ရှိ ရေမှတ် (ပေ) | (၁၄.၁၀.၂၀၂၄)နေ့ရှိ သိုလှောင်ပမာဏ (ဧကပေ) | ယနေ့ထုတ်လွှတ်သည့်ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန်လိုအပ်သည့် ရေအနက် (ပေ) | ကန်ရေပြည့်ရန်လိုအပ်သည့် သိုလှောင်ပမာဏ (ဧကပေ) | ကန်ရေပြည့်ပြီး အမြင့် (ပေ) | ကန်ရေပြည့်ပြီး ပိုလျှံရေပမာဏ (ဧကပေ) | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၂၄၅၅၅ | ၆၂၇.၀၉ | ၅၆၅၂၇၁ | ၁၃၂၁၄ (လျှပ်စစ်) ထုတ်ရေ) | - | - | ၃.၇၀ | ၉၈၈၆ | - | ၆၂၆.၇၆ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | ၃၉ | ၆၂၆.၀၈ | ၂၇၃၃၂ | - | ၈.၉၂ | ၉၁၆၈ | - | - | - | ၆၂၆.၀၅ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၃၁၂ | ၅၁၉.၀၀ | ၈၉၀၄၀ | ၂၇၂ | ၁.၀၀ | ၂၇၃၀ | - | - | - | ၅၁၉.၀၀ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | - | ၅၀၉.၃၅ | ၁၀၃၇၅ | ၇ | ၂.၆၅ | ၁၈၈၂ | - | - | - | ၅၀၉.၄၀ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၂၂၂ | ၄၃၈.၃၂ | ၇၀၉၆၀ | ၃၃၈ | ၀.၆၈ | ၂၀၄၀ | - | - | - | ၄၃၈.၄၄ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၃၆ | ၅၃၄.၉၅ | ၇၄၇၉၉ | - | ၀.၀၅ | ၂၀၁ | - | - | - | ၅၃၄.၉၅ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၁ | ၄၁၆.၁၇ | ၇၆၈၅ | ၁၁ | ၁.၈၃ | ၁၀၃၃ | - | - | - | ၄၁၆.၂၁ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၂၅ | ၇၀၃.၅၉ | ၁၀၇၉၁၈ | ၂ | ၆.၄၁ | ၃၅၁၇၂ | - | - | - | ၇၀၃.၆၀ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | - | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၉၃ | ၆၀၁.၉၀ | ၄၉၅ | ၄၁ | ၀.၁၀ | ၅ | - | - | - | ၆၀၁.၉၀ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၁၃၂ | ၈၆၃.၉၀ | ၁၀၃၆၆ | ၇၁ | ၆.၁၀ | ၄၂၃၄ | - | - | ၀.၅၄ | ၈၆၃.၈၀ |
| ၁၂ | တောက်ပြုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | - | ၆၇၄.၀၀ |

မှတ်ချက် - ပေါင်းလောင်းတမံတွင် HED ရေတံခါးရွက် (၁၀) ချပ်ထောင်ထားပါသည်။

## အစ္စရေးဒုံးကျည်ကာကွယ်ရေးစနစ် လုပ်ဆောင်နိုင်ခြင်းမရှိ ဟစ်ဇ်ဘိုလာတို့ ပစ်ခတ်သော ဒုံးကျည်များကြောင့် ဒဏ်ရာရသူများပြား

**တဲအဗီးလ် အောက်တိုဘာ ၁၄**

လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာအုပ်စု၏ ဒုံးကျည်များဖြင့် တိုက်ခိုက်မှုကြောင့် ၎င်းတို့၏ တပ်ဖွဲ့ဝင် လေးဦး သေဆုံးခဲ့ရကြောင်း အစ္စရေးတပ်မတော်က ပြောသည်။ နောက်ထပ် ၆၀ မှာ ဒဏ်ရာရရှိခဲ့ကြောင်း ဒေသတွင်း မီဒီယာများတွင် ပြောသည်။



ဒဏ်ရာရရှိသူများကို ရဟတ်ယာဉ်ဖြင့် ကယ်ဆယ်ပို့ဆောင်ပေးနေသည်ကို တွေ့ရစဉ်။

အောက်တိုဘာ ၁၃ ရက် ညပိုင်းက အစ္စရေးနိုင်ငံမြောက်ပိုင်း ဟိုင်ဖာနှင့် ၃၀ ကီလိုမီတာအကွာ ဘင်ဘာမီနာရှိ အခြေစိုက်စခန်းကို ဒုံးကျည်ဖြင့် တိုက်ခိုက်ခံရခြင်း ဖြစ်သည်။ ဒဏ်ရာရရှိသူများအား လူနာတင်ယာဉ်များ သို့မဟုတ် ရဟတ်ယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးနေသည်ကို ဗီဒီယို မှတ်တမ်းတွင် တွေ့ရသည်။ လွန်ခဲ့သည့်နှစ် အောက်တိုဘာလတွင် ဟားမားစ်တို့၏ တိုက်ခိုက်မှုအပြီး ယခုတစ်ကြိမ် တိုက်ခိုက်ခံရမှုမှာ အစ္စရေးတို့အတွက် အထိနာဆုံး ဖြစ်သည်ဟု သိရသည်။

အစ္စရေးနိုင်ငံတစ်လွှား Iron Dome စနစ်အပါအဝင် ဒုံးကျည်ကာကွယ်ရေးစနစ်များကို တပ်ဆင်ထားသည်။ အဆိုပါစနစ်များသည် ဒုံးကျည်များနှင့် ဒုံးပျံများကို ကြားဖြတ်ဟန့်တားရာတွင် အထူးအောင်မြင်သည့်အတွက် လူသိများသည်။ သို့သော်လည်း အဆိုပါ ကာကွယ်ရေးစနစ်နှင့် သတိပေးချက်များမှာ ယခုတစ်ကြိမ်တွင် လုပ်ဆောင်ခြင်း မရှိကြောင်း အစ္စရေးတပ်မတော် အနေဖြင့် ဖြစ်နိုင်ခြေရှိသည်များကို ရှာဖွေနေကြောင်း ဒေသတွင်း မီဒီယာများတွင် ဖော်ပြသည်။

အစ္စရေးတို့၏ အစုလိုက်သတ်ဖြတ်ခြင်းများကို ပြန်လည်တုံ့ပြန်သည့်အနေဖြင့် ဂိုလာနီ တပ်မဟာစခန်းတစ်ခုတွင် ဒရုန်းများဖြင့် ပစ်လွှတ်တိုက်ခိုက်ခဲ့သည်ဟု ဟစ်ဇ်ဘိုလာတို့က ကြေညာချက် ထုတ်ပြန်ခဲ့သည်။ အစ္စရေးနိုင်ငံရှိ ပြည်သူများ စစ်ဘက်ဆိုင်ရာ အဆောက်အအုံများနှင့်ဝေးဝေးတွင် နေထိုင်ကြရန် ဟစ်ဇ်ဘိုလာအုပ်စုက သတိပေးထားသည်။

**အင်န်အိတ်ချ်ကေ**

## နိုင်ငံတကာသတင်း

### ဟာရီကိန်းမုန်တိုင်းဒဏ်ခံ ဖလော်ရီဒါသို့ အမေရိကန်သမ္မတ သွားရောက်

**ဖလော်ရီဒါ အောက်တိုဘာ ၁၄**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် တောင်ပိုင်းရှိ ဖလော်ရီဒါပြည်နယ်သို့ သွားရောက်ခဲ့ပြီး ဟာရီကိန်းမုန်တိုင်းများ ဆက်တိုက်ဖြစ်ပွားခဲ့သည့် ပြည်နယ်၌ ပြည့်စုံသောထောက်ပံ့မှုများ ပြုလုပ်သွားမည်ဟု ကတိပြုခဲ့သည်။

ဘိုင်ဒင်သည် အောက်တိုဘာ ၁၃ ရက်က ဖလော်ရီဒါအနောက်ပိုင်းရှိ အခြားသောဒေသများနှင့် ကမ်းရိုးတန်းဒေသများသို့ သွားရောက်ကြည့်ရှုခဲ့သည်။ အဆိုပါဧရိယာများမှာ ဟာရီကိန်းမုန်တိုင်းဟယ်လင်းနှင့် ဟာရီကိန်းမုန်တိုင်းမီလ်တန်တို့ ဝင်ရောက်ခဲ့ရာနေရာများဖြစ်သည်။ အပျက်အစီးများကို ကြည့်ရှုပြီးနောက် မုန်တိုင်းဒဏ်ခံဒေသများသို့ အစားအသောက်နှင့်လောင်စာများ ပေးပို့နိုင်ရေး ဆက်သွယ်ရေးများ ပြန်လည်တည်ဆောက်နိုင်ရေး အစိုးရက ကြိုးပမ်းလျက်ရှိသည်ဟု ဘိုင်ဒင်က ပြောသည်။

ဤနေရာသို့ အမေရိကန်တစ်ဦးအနေဖြင့် လာရောက်ခြင်းဖြစ်ပြီး ဒီမိုကရက်တစ်ဦး သို့မဟုတ် ရီပတ်ဘလီကင်တစ်ဦးအနေဖြင့် လာရောက်ခြင်းမဟုတ်ကြောင်း ၎င်းကပြောသည်။ ဒုတိယသမ္မတ ကာမလာဟားရစ်သည်လည်း အောက်တိုဘာ ၁၀ ရက်က အရီဇိုးနားပြည်နယ်သို့ သွားရောက်ပြီး ကယ်ဆယ်ရေးကြိုးပမ်းအားထုတ်မှုများကို ပြောကြားသည်။ ဘေးဒဏ်ခံဒေသများကို ဒီမိုကရက်များနှင့် ရီပတ်ဘလီကင်များက အတူတကွ ထောက်ပံ့ရန် ကြိုးပမ်းနေကြကြောင်း ၎င်းက ဆက်ပြောသည်။

**အင်န်အိတ်ချ်ကေ**

# မြန်မာနိုင်ငံအနေဖြင့် ကာကွယ်ဆေး ၁၃ မျိုးကို တစ်နိုင်ငံလုံးရှိ ကလေးငယ်များကို ထိုးနှံပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၄**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ၂၀၂၄ ခုနှစ် ယနေ့ ညနေပိုင်းတွင် အင်ဒိုနီးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီး H.E Budi Gunadi Sadikin ဦးဆောင်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ အရှေ့တောင်အာရှဒေသ (SEARO) နှင့် အနောက်ပစိဖိတ်ဒေသဆိုင်ရာအဖွဲ့ (WPRO)၊ အဖွဲ့ဝင်နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများနှင့်အတူ Global Alliance for Vaccine Initiatives (Gavi) အဖွဲ့၏ (၂၀၂၆-၂၀၃၀) ခုနှစ်များတွင် ဆောင်ရွက်မည့် ကာကွယ်ဆေးထိုးလုပ်ငန်းအစီအစဉ်များနှင့် ပတ်သက်သည့် ဆွေးနွေးပွဲအား တက်ရောက်ဆွေးနွေးကြသည်။



### တင်ပြဆွေးနွေး

အစီအစဉ်အရ အင်ဒိုနီးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီး H.E Budi Gunadi Sadikin နှင့် Gavi အဖွဲ့မှ Chief Country Delivery Officer, Mr. Thabani Maphosa တို့က အဖွင့်အမှာစကားပြောကြားပြီး Gavi အဖွဲ့မှ တာဝန်ရှိသူများက (၂၀၂၆-၂၀၃၀) (၅) နှစ်တာကာလ ကာကွယ်ဆေးထိုးလုပ်ငန်း မဟာဗျူဟာစီမံကိန်း၏ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များအား အစည်းအဝေးတက်ရောက်လာသည့် ကျန်းမာရေးဝန်ကြီးများထံ တင်ပြဆွေးနွေးကြသည်။

### ကာကွယ်ဆေးများ ထောက်ပံ့ပေး

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက Gavi အဖွဲ့၏ (၂၀၂၆-၂၀၃၀) (၅)နှစ် မဟာဗျူဟာစီမံကိန်းတွင် မြန်မာနိုင်ငံမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကာကွယ်ဆေး ၁၃ မျိုးကို တစ်နိုင်ငံလုံးရှိ ကလေးငယ်များကို ထိုးနှံပေးလျက်ရှိရာ ကာကွယ်ဆေးအမျိုးအစား ရှစ်မျိုးကို နိုင်ငံတော်ဘတ်ဂျက်မှ ထောက်ပံ့ပေးလျက်ရှိပြီး ကာကွယ်ဆေးအမျိုးအစားခြောက်မျိုးကို GAVI မှ ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ သားအိမ်ခေါင်းကင်ဆာ ကာကွယ်ဆေးထိုးခြင်းကိုလည်း အသက် ၉ နှစ်မှ ၁၀ နှစ်ကြား မိန်းကလေးများတွင် ကာကွယ်ဆေးလွှမ်းခြုံမှု ၈၈ ရာခိုင်နှုန်းရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း နှစ်စဉ် အမျိုးသားကာကွယ်ဆေးထိုးလုပ်ငန်းများအတွက် နိုင်ငံခြားငွေအမြောက်အမြား ကျခံသုံးစွဲပေးလျက်ရှိပြီး GAVI အဖွဲ့အနေဖြင့် နည်းပညာပိုင်းဆိုင်ရာအထောက်အပံ့များ ဆက်လက်ပေးစေလိုပါကြောင်း၊ ကျန်းမာရေးသတင်းအချက်အလက်များအသုံးပြု၍ ကာကွယ်ဆေးထိုးလုပ်ငန်းများအား တစ်နိုင်ငံလုံးလွှမ်းခြုံမှုပိုမိုမြင့်မားစေရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားပြီး ပါဝင်တက်ရောက်ခဲ့သည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ အရှေ့တောင်အာရှဒေသနှင့် အနောက် ပစိဖိတ်ဒေသဆိုင်ရာအဖွဲ့များ၏ အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ လာအိုနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ အစရှိသည့် နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများကလည်း ၎င်းတို့အမြင်များ၊ အကြံပြုသုံးသပ်ချက်များအား ရင်းနှီးပွင့်လင်းစွာဆွေးနွေးပြောကြားသည်။

**သတင်းစဉ်**

---

## မြန်မာအမျိုးသားလေကြောင်းနှင့် အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်းတို့က ပုသိမ်လေဆိပ်သို့ လေယာဉ်ခရီးစဉ်များ စတင်ပျံသန်းပြေးဆွဲမည့်အစီအစဉ် အသိပေးကြေညာ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသည် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်လေဆိပ်သို့ ၁၃-၁၀-၂၀၂၄ ရက်မှစတင်၍ မြန်မာအမျိုးသားလေကြောင်းနှင့် အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်းလိုင်းတို့က အောက်ဖော်ပြပါ ခရီးစဉ်များအတိုင်း ရက်သတ္တပတ်လျှင် ၄ ရက် ပျံသန်းပြေးဆွဲရန် စီစဉ်ဆောင်ရွက်ထားရှိပါသည် -

| စဉ် | လေကြောင်းလိုင်း | ခရီးစဉ် | နေ့ရက် |
|---|---|---|---|
| (က) | မြန်မာအမျိုးသားလေကြောင်း | ရန်ကုန်-ပုသိမ်-ညောင်ဦး-မန္တလေး | တနင်္ဂနွေ |
| | | မန္တလေး-ညောင်ဦး-ပုသိမ်-ရန်ကုန် | တနင်္လာ |
| ( ခ ) | အပြည်ပြည်ဆိုင်ရာမြန်မာ လေကြောင်း | ရန်ကုန်-ပုသိမ်-ညောင်ဦး-မန္တလေး | ကြာသပတေး |
| | | မန္တလေး-ညောင်ဦး-ပုသိမ်-ရန်ကုန် | သောကြာ |

၂။ အဆိုပါခရီးစဉ်ဒေသများသို့ သွားရောက်လိုသည့် ခရီးသွားပြည်သူများအနေဖြင့် ခရီးစဉ်ပြေးဆွဲနေမှု အခြေအနေအား သိရှိနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

---

## ကျောင်းကုန်းမြို့မဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး လိုက်လံစစ်ဆေး

**ကျောင်းကုန်း အောက်တိုဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ် မြို့မဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ယနေ့နံနက်ပိုင်းက လိုက်လံစစ်ဆေးခဲ့ကြသည်။



ယခု မိုးအကုန်ဆောင်းအကူး ပွင့်လင်းရာသီ ရောက်ရှိလာပြီဖြစ်၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မြို့မဈေးအတွင်း မီးသတ်ဆေးဘူးများ ထားရှိရေး၊ ဈေးဆိုင်ခန်းများတွင် သွယ်တန်းထားသော လျှပ်စစ်ဝိုင်ယာကြိုးများ ပေါက်ပြဲမှုရှိ/မရှိ ပူးပေါင်းအဖွဲ့မှ လိုက်လံစစ်ဆေးကြသည်။

အဆိုပါ ပူးပေါင်းအဖွဲ့တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်သန်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ဝင်းနှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်စွာလင်းနှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ လျှပ်စစ်ဌာနဝန်ထမ်းများ၊ မြို့မဈေးကော်မတီဝင်များက စစ်ဆေးခဲ့ပြီး မြို့မဈေးကြီး သီးသန့်မီးသတ်တပ်ဖွဲ့ ပိုင်မီးသတ်စက်များ၊ ရေပိုက်ငုတ်များ ကောင်းမွန်မှု ရှိ/မရှိ လိုက်လံစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

---

## ပျော်ဘွယ်မြို့နယ်တွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများအား ကြည့်ရှုအားပေး

**ပျော်ဘွယ် အောက်တိုဘာ ၁၄**

ပျော်ဘွယ်မြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းများကို မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများတွင် ကောက်ယူလျက်ရှိရာ ယမန်နေ့နံနက်ပိုင်းက ရမည်းသင်းခရိုင် သန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ် သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌ ဦးလွင်နှင့် အဖွဲ့ဝင်များ၊ သန်းခေါင်စာရင်း ကောက်ယူခြင်း



လုပ်ငန်း ကြီးကြပ်ရေးအဖွဲ့မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

---

❏ *ကျော့ဖုံးမှ*

စည်ပင်သာယာရေး ကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၊ ဌာနမှူး ဦးတင်ထွန်းဦးက ပြောသည်။

"၂၆ လမ်းပေါ် ၆၆ လမ်းထိပ်နဲ့ ၇၃ လမ်းမှာ မုခ်ဦးနှစ်ခုရှိပါမယ်။ ၂၆ လမ်းတစ်လျှောက်မှာ အလှဆင်မီးများ ထွန်းညှိပြင်ဆင်ထားမှာပါ။ ဖွင့်ပွဲအခမ်းအနားကို ညနေ ၆ နာရီမှာစတင်ပြီး မီးရှူးမီးပန်းတွေပစ်လွှတ်ပြီး လှပစွာ ဖွင့်သွားမှာပါ။ ၂၆ လမ်းနဲ့ ၆၆ လမ်းထောင့်မှာထားရှိတဲ့ ပုဂံ ရွှေစည်းခုံ ပုံတူစေတီတော်မှာ ဆီမီးတစ်သောင်း ထွန်းညှိပူဇော်မှာ ဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

ဖျော်ဖြေရေး အစီအစဉ်ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးရှေ့ရှိ ဖျော်ဖြေရေးမဏ္ဍပ်တွင် ပြုလုပ်မည်ဖြစ်ပြီး နိုင်ငံကျော် အဆိုတော်များနှင့် မြို့တော်စည်ပင်သာယာ တေးဂီတအဖွဲ့တို့ ပူးပေါင်းဖျော်ဖြေမည်ဖြစ်ကြောင်း၊ ဈေးရောင်းပွဲတော် အစီအစဉ်အဖြစ် ဈေးဆိုင်များလည်း ထည့်သွင်းထားပြီး စတုဒိသာမဏ္ဍပ် စုစုပေါင်း ၁၂ ခုမှ ပွဲတော်လာရောက်သူများအား ညနေ ၆ နာရီမှ ည ၁၀ နာရီအတွင်း ဧည့်ခံကျွေးမွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်အေးချမ်း**

---

❖ *ကျော့ဖုံးမှ*

လာခဲ့သည်။ ဖင်လန်အသင်းကလည်း ရှုံးပွဲဆက်မှုကို ချေဖျက်ရန်အားထားရသည့် ကစားသမားအစုံအလင်ဖြင့် အင်္ဂလန်အသင်းကို ရင်ဆိုင်လာခဲ့သည်။

ဖင်လန်အသင်းသည် ခြေစွမ်းကောင်းအချို့ ပြသနိုင်ခဲ့ပြီး အင်္ဂလန်အသင်းကို အခက်တွေ့အောင် ကစားနိုင်ခဲ့သည်။ သို့သော်လည်း ဘောလုံးပိုင်ဆိုင်မှုပိုင်း၊ ဂိုးကန်သွင်းယူမှုပိုင်း၊ ဂိုးရရှိရန် အခွင့်အရေး ဖန်တီးမှုပိုင်းတွင် သိသိသာသာ သာလွန်မှုရှိသည့် အင်္ဂလန်အသင်းက ဂိုးပြတ်နိုင်ပွဲ ဖော်ဆောင်နိုင်ခဲ့သည်။ အင်္ဂလန်အသင်းအတွက် သွင်းဂိုးများကို ဂရီးလစ်ချ်၊ အလက်ဇန္ဒြားအာနိုးနှင့် ရိုက်စ်တို့က သွင်းယူပေးပြီး ဖင်လန်အသင်းအတွက် တစ်လုံးတည်းသောချေပဂိုးကို ဟိုကိုနင်က သွင်းယူပေးခဲ့သည်။

ဖင်လန်အသင်းသည် ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် နောက်ဆုံးလေးပွဲဆက် ရှုံးနိမ့်မှုနှင့် ကြုံတွေ့ခဲ့ရသည်။ နေးရှင်းလိဂ် (ခ) အုပ်စု (၂) ပွဲစဉ် (၄) မှ အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းတွင် ဂရိနှင့် အိုင်ယာလန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂရိအသင်းက နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့သည်။

ဖင်လန်နှင့် အင်္ဂလန်အသင်းတို့သည် နေးရှင်းလိဂ် (ခ) တွင် ဂရိ၊ အိုင်ယာလန်အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိသည်။ ပွဲစဉ် (၄) အပြီးတွင် အမှတ်ပေးဇယားကို ဂရိအသင်းက ရမှတ် ၁၂ မှတ်ဖြင့် ဦးဆောင်ထားပြီး အင်္ဂလန်အသင်းက ရမှတ် ၉ မှတ်ဖြင့် ဒုတိယနေရာတွင် ရပ်တည်နေသည်။

**အောင်ဇော်**


# ရေကြောင်းလုံခြုံရေးပင်လယ်ပြင်လေ့ကျင့်ခန်း (Maritime Security Exercise) ဆောင်ရွက်စဉ် ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

**နေပြည်တော် အောက်တိုဘာ ၁၄**

ရေကြောင်းလုံခြုံရေးပင်လယ်ပြင်လေ့ကျင့်ခန်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၀ ရက်မှ ၂၄ ရက်ထိကာလအတွင်း ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းရေပြင်၌ ရေပြင်၊ ဝေဟင်၊ ရေအောက် လေ့ကျင့်ခန်းများနှင့် လက်တွေ့ပစ်ခတ်ခြင်းများ(Live Firing) ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လေ့ကျင့်ခန်း ဧရိယာအဖြစ် Point A မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၀ မိနစ်၊ Point B မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၀ မိနစ်၊ Point C မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၀ မိနစ်၊ Point D မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၀ မိနစ် စသည့် Coordinates အမှတ်များ ဆက်ဆွဲထားသည့်ဧရိယာအား သတ်မှတ်ထားရှိပြီး ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက်တို့အား ထုတ်ပြန်ကြေညာထားရှိပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လေ့ကျင့်ခန်းဆောင်ရွက်စဉ်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အဆိုပါဧရိယာမှ ၅ မိုင်ပတ်လည်အား သင်္ဘောကြီး/ငယ်များ၊ ကုန်တင်/စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မရှိစေရန်နှင့် လေယာဉ်၊ ရဟတ်ယာဉ်များ အမြင့်ပေ ၁၅၀၀၀(တစ်သောင်းငါးထောင်)အောက် ဖြတ်ကျော်ပျံသန်းခြင်းမပြုကြရန် အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်




# တံတားဦးမြို့နယ်တွင် ရေကြီးနစ်မြုပ်ကေများ ပြန်လည်ကုစားရန် သွင်းအားစုထည့်သွင်းခြင်းနှင့်ဆေးဖျန်းခြင်း ကွင်းသရုပ်ပြပွဲကျင်းပ

**တံတားဦး အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်တွင် သဘာဝဘေးကြောင့် ရေကြီးနစ်မြုပ် ၁၅ ကေအား ပြန်လည်ကုစားရန် သွင်းအားစု ထည့်သွင်းခြင်းနှင့် ဆေးဖျန်းခြင်း ကွင်းသရုပ်သပြပွဲကို ယနေ့နံနက် ၁၀ နာရီက တံတာဦးမြို့နယ် ကန်ချောကျေးရွာအုပ်စု ကန်ချောကျေးရွာ ကွင်းအမှတ်(၁၄၂၆)၊ ဦးပိုင် ၃၅/၃ (က) တောင်သူဦးမြင့်အောင် လယ်ကွင်း၌ ကျင်းပသည်။



ထိုသို့ ဆောင်ရွက်ရာသို့ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းထိန်နှင့်တာဝန်ရှိသူများ၊ တံတားဦးခရိုင် စိုက်/ညှိ အဖွဲ့ဝင်များ၊ တံတားဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးဇော်ကိုကိုနှင့် စိုက်/ညှိအဖွဲ့ဝင်များ၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကနေဒီထွန်းနှင့် ဝန်ထမ်းများ တက်ရောက်ကြည့်ရှုကြသည်။

ထို့နောက် ရေကြီးနစ်မြုပ်ကေများ ပြန်လည်ကုစားရန် သွင်းအားစုထည့်သွင်းခြင်းနှင့် ဆေးဖျန်းခြင်း ကွင်းသရုပ်ပြပွဲတွင် တောင်သူများက လယ်ကွင်းများအတွင်း သွင်းအားစုထည့်သွင်းခြင်းကို တိုင်းဒေသကြီး ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး တောင်သူများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးသည်။ ဆက်လက်၍ တိုင်းဒေသကြီးဦးစီးမှူးက ရေကြီးနစ်မြုပ်ကေများ ပြန်လည်ကုစားရန်အတွက် တစ်ကေလျှင် သဘာဝမြေသြဇာ တစ်အိတ်၊ ရွက်ဖျန်းအားဆေး တစ်ဘူးနှင့် ကျောက်မှုန့်မြေသြဇာ တစ်အိတ်ကို ၁၅ ကေအတွက် ထောက်ပံ့ပေးအပ်သည်။

တံတားဦးမြို့နယ် အနေဖြင့် ပျက်စီးသည့် သီးနှံမျိုးစုံ ၁၃ မျိုးရှိကြောင်း၊ ထို့အပြင် ပျက်စီးသည့်ကေ ၃၇၇၉ ကေနှင့် ထိခိုက်ကေ စပါး ၁၅ ကေရှိကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

ရဲတင့်(ပြန်/ဆက်)

# MFF ယူ-၁၉ ဖူဆယ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၄**

၂၀၂၄ MFF ယူ-၁၉ ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို အောက်တိုဘာ ၁၄ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပသည်။

အုပ်စုပွဲစဉ်များတွင် ဟသ်ာအသင်းက ရန်ကုန်ဖူဆယ်အသင်းကို ငါးဂိုး-တစ်ဂိုး၊ Focus အသင်းက Special One အသင်းကို ရှစ်ဂိုး-ခြောက်ဂိုး၊ YCDC Marga အသင်းက Jullniss အသင်းကို ရှစ်ဂိုး-ဂိုးမရှိ၊ Gold Dream အသင်းက Rules Breakers အသင်းကို ငါးဂိုးပြတ်၊ မဟာယူနိုက်တက်အသင်းက Glorious Thunder အသင်းကို လေးဂိုး-နှစ်ဂိုး၊ လက်ဝဲလူငယ်အသင်းက Shadows အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

အုပ်စုပွဲစဉ်များကို အောက်တိုဘာ ၁၅ ရက် (ယနေ့) ဆက်လက်ကျင်းပမည်ဖြစ်ပြီး နောက်တစ်ဆင့်တက်ရေး အရေးပါသည့်ပွဲများ ပါဝင်နေသည်။

ရဲရင့်လွင်

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ**

# ဇလွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး

**ဇလွန် အောက်တိုဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်အတွင်း ပွင့်လင်းရာသီတွင် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ၌ မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် အသိပညာပေးခြင်းကို ယနေ့နံနက် ၁၀ နာရီက ဆောင်ရွက်သည်။

ထိုသို့ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေး အဖွဲ့ပိုင် မြို့မဈေးသစ်၊ ညောင်ပင်ဈေး၊ ဒေါင့်ကြီးဈေးတို့တွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်လင်း၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးရန်လင်းထွဋ်နှင့် သန္ဓေအရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ၊ မြို့နယ် လျှပ်စစ်ဝန်ထမ်းများ ပူးပေါင်း၍ မီးဘေးအန္တရာယ်ကြောင့် ဒေသခံပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်များ ဆုံးရှုံးမှုမရှိစေရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံး၊ မီးသတ်ဆေးဘူးများ အဆင်သင့်ထားရှိကြရန်၊ မိမိတို့ဈေးများတွင် အသုံးပြုသော လျှပ်စစ်မီးကြိုးများ ဟောင်းနွမ်းနေပါက အသစ်လဲလှယ်ရန်၊ အမှိုက်နှင့် လောင်စာများအား စနစ်တကျစွန့်ပစ်ရေးနှင့် မီးဘေးအန္တရာယ် ကြုံတွေ့လာပါက သက်ဆိုင်ရာ မြို့နယ်မီးသတ်ဦးစီးဌာနသို့ အချိန်မီအကြောင်းကြားရန် အသိပညာပေး ဆောင်ရွက်ကြပြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။ မြို့နယ်(ပြန်/ဆက်)



# ဝါတွင်းချိန် သို့မဟုတ် ငယ်ချစ်ဦးနှင့် ပြန်ဆုံခြင်း

ဒေါက်တာထွန်းတင့်

သည့်နှစ် မြန်မာနိုင်ငံတစ်နိုင်ငံလုံး မိုးသည်းထန်စွာရွာပြီး ရေကြီးရေလျှံမှုများ တွေ့ကြုံကြရသည်။ ကျွန်တော်နေထိုင်ရာ အိမ်မှာ အနိမ့်ပိုင်းတွင် ဖြစ်နေသဖြင့် အိမ်ထဲသို့ ရေဝင်ပြီး အများနည်းတူ ရေဘေး တစ်စိတ်တစ်ဒေသ ခံစားရပါသည်။ ထို့ကြောင့် ရေလွတ်ရာနေရာသို့ အိမ်ပြောင်းရန် စီစဉ်သည့်အခါ နှစ်ပေါင်းများစွာ စုဆောင်းထားခဲ့သော စာအုပ်စာတမ်းများကို ထုပ်ပိုးသိမ်းဆည်းရင်း တစ်ချိန်က မှတ်မှတ်ရရ လွန်ခဲ့သော နှစ်ပေါင်း ၇၀ ကာလ၊ ယခုလို သီတင်းကျွတ်ကာလတွင်ရေးခဲ့သော လေးဆစ်ကဗျာစုလေးကို အမှတ်မထင် ပြန်တွေ့လိုက်ရပါသည်။ ကွန်ပျူတာနှင့်စာစီထားသည့် လေးဆစ်ကဗျာ စာရွက်ထပ်ကလေးများကို ဖိုင်တစ်ဖိုင်အတွင်း အခုံသားနေရာယူထားသည်ကို ရုတ်တရက် တွေ့လိုက်ရသဖြင့် ငယ်ချစ်ကို တွေ့လိုက်ရသည် ထက်ပင် အတော်ကလေး ဝမ်းသာသွားပါသည်။

### ကဗျာသက်တမ်း ၈၈ နှစ်ရှိပြီ

ထိုလေးဆစ်ကဗျာစုကလေးမှာ အခြားမဟုတ်ပါ၊ ကျွန်တော်တို့ လေးစားချစ်ခင်ကြည်ညိုရသော ကဗျာစာဆိုကြီး ဆရာမင်းသုဝဏ်၏ “ဝါတွင်းချိန်” ကဗျာကို ကျွန်တော်စိတ်ကူးဉာဏ်ချဲ့ထွင်ပြီး ပေါင်းစပ်ရေးထားသော လေးဆစ်ကဗျာစု ဖြစ်ပါသည်။ စုစုပေါင်း ၁၂ ပုဒ် ပါဝင်ပါသည်။ ကျွန်တော်၏ မှတ်စုထဲတွင် ဆရာကြီးသည် “ဝါတွင်းချိန်” ကဗျာကို ၁၉၃၆ ခုနှစ် မေလ ၂၅ ရက်နေ့က ရေးဖွဲ့ခဲ့သည်ဟု မှတ်သားထားပါသည်။ ကျွန်တော်မွေးဖွားပြီး အသက်တစ်နှစ်အရွယ်တွင် ရေးဖွဲ့ခဲ့သော ကဗျာဖြစ်ပါသည်။ ယခုဆိုလျှင် ကဗျာသက်တမ်း ၈၈ နှစ်ရှိပြီ ဖြစ်ပါသည်။

တကယ်တော့ ကျွန်တော်သည် ကဗျာဆရာ၊ ကဗျာစာဆိုမဟုတ်ပါ။ ကဗျာချစ်သူ၊ ကဗျာမြတ်နိုးသူ တစ်ယောက်သာဖြစ်ပါသည်။ ကျွန်တော့် တစ်သက်လုံးနီးပါး မြန်မာစာပေသင်ကြားရေးနှင့် အဘိဓာန်ပြုစုရေး၊ မြန်မာရေးထုံးကျမ်းပြုစုရေးတို့တွင်သာ တစိုက်မတ်မတ် အချိန်ပြည့် မြှုပ်နှံလုပ်ဆောင်ခဲ့သူ တစ်ဦးဖြစ်ပါသည်။ အခမ်းအနားများ ဖိတ်ကြားခံရသောအခါ အခမ်းအနားကို ဂုဏ်ပြုသည့် လင်္ကာရတုများ ဖွဲ့ဆိုခြင်း၊ ဟိုတစ်စသည်တစ်စ ကဗျာအတိုအစလေးများ ရေးသားခဲ့ဖူးခြင်းရှိသော်လည်း စာပေစာနယ်ဇင်းများတွင် ထည့်သွင်းဖော်ပြရန် ပေးပို့ခြင်း မရှိသလောက် ရှားပါသည်။ အသက်အရွယ်အတော်ရတော့မှ မြန်မာပင့်ရစ်ခွဲထားရကန် (၁၃၆၀ ပြည့်နှစ်)၊ မြန်မာစကားနက် အဖွင့်ရကန် (၁၃၆၆ ခုနှစ်) အမည်ရှိ ရကန်စာအုပ်နှစ်အုပ် ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ ထို့ပြင် ဥက္ကာဋ္ဌကြီး မော်စီတုံး၏ တရုတ်ကဗျာ ၃၇ ပုဒ်ကိုလည်း မြန်မာပြန်ဆိုခဲ့ပါသေးသည်။

ယခုပြန်လည်တွေ့ရှိသော လေးဆစ်ကဗျာစုလေးမှာ ၁၉၅၅ ခုနှစ် အောက်တိုဘာလအတွင်း (ရက်အတိအကျ မမှတ်မိတော့) ကျွန်တော့် အသက် ၂၀ အရွယ် ရန်ကုန်တက္ကသိုလ်တွင် မြန်မာစာ ဂုဏ်ထူးတန်း တက်နေချိန်၊ ဂုဏ်ထူးတန်းပထမနှစ်တွင် ဆရာကြီး မင်းသုဝဏ်၏ ဝါတွင်းချိန်ကဗျာလေးကို ဖတ်မိပြီး ကဗျာလေးကိုလည်း နှစ်သက်၊ ဆရာ့အားလည်း ကြည်ညိုလေးစားသဖြင့် ဆရာကြီး၏ အဆိုပါ ဝါတွင်းချိန်ကဗျာတွင် လေးဆစ်ကဗျာစပ်နည်း မူမပျက်စေဘဲ ထပ်ပိုးဖြည့်စွက်ပြီး စပ်ဆိုသိမ်းဆည်းထားခဲ့သော ကဗျာဖြစ်ပါသည်။ ယင်းကဗျာကို မည်သည့် မဂ္ဂဇင်းဂျာနယ်တိုက်မှ မပို့ဖူးပါ။ ရေးဖွဲ့ခဲ့စဉ်က လက်ရေးဖြင့်ဖြစ်သော်လည်း ကွန်ပျူတာခေတ်တွင် ကွန်ပျူတာစာလုံးများဖြင့် ပြောင်းလဲခဲ့ပြီး မိတ္တူကူးကာ မိတ်ဆွေ၊ အပေါင်းအသင်း၊ တပည့်တပန်းများကို ဝေငှပေးခဲ့ဖူးပါသည်။

လေးဆစ်ကဗျာ၏အဆုံးတွင် ကဗျာရေးစပ်သူ၏အမည်ကို သာဒိုးအောင်ဟု ဆိုခဲ့ပါသည်။ သာဒိုးအောင်ဟု အမည်ယူခဲ့ခြင်းမှာ ကျွန်တော်သည် ဥပစာ (က) နှင့် (ခ)၊ နှစ်တန်းပေါင်း မြန်မာစာ ပထမရသဖြင့် သာဒိုးအောင်ဆုကို ရခဲ့သောကြောင့် အမှတ်တရအနေဖြင့် ထိုနာမည်ကို ယူခဲ့ခြင်းဖြစ်ပါသည်။ ထိုစဉ်က ပြည်ထဲရေးဝန်ကြီးလည်းဖြစ်၊ အချိန်ပိုင်း ဥပဒေပါမောက္ခလည်းဖြစ်သော ဦးမေအောင်၏ သား သာဒိုးအောင်သည် ရန်ကုန်တက္ကသိုလ်တွင် ပညာသင်ခိုက် ဥပစာဒုတိယနှစ်တွင် ကွယ်လွန်သွားခဲ့သဖြင့် ဖခင်ဖြစ်သူက သား သာဒိုးအောင် အထိမ်းအမှတ်အဖြစ် သာဒိုးအောင်ဆု ရန်ပုံငွေ ထူထောင်ထားခဲ့ခြင်း ဖြစ်သည်။

ကျွန်တော်၏ တက္ကသိုလ်ဆရာဘဝတွင် ရန်ကုန်တက္ကသိုလ်၊ ပုသိမ်ဥပစာကောလိပ်၊ မကွေးဥပစာကောလိပ်၊ မန္တလေးတက္ကသိုလ်၊ ပီကင်းတက္ကသိုလ်တို့တွင် တာဝန်ထမ်းဆောင်ခဲ့ရပါသည်။ ပုသိမ်ဥပစာကောလိပ်စဖွင့်ခဲ့သည့် ၁၉၅၈ ခုနှစ်တွင် ပုသိမ်ဥပစာကောလိပ် မြန်မာစာဌာန လက်ထောက်ကထိက ဌာနမှူးအဖြစ် ဦးဦးဖျားဖျား တာဝန်ထမ်းဆောင်ခဲ့ရပါသည်။ ၂၀၀၈ ခုနှစ်တွင် ပုသိမ်တက္ကသိုလ် ရွှေရတုနှစ်အဖြစ် ကျင်းပခဲ့ရာ နှစ် ၅၀ ရွှေရတုအထိမ်းအမှတ်ထုတ်ဝေခဲ့သော အထူးထုတ်မဂ္ဂဇင်းတွင် ထိုလေးဆစ်ကဗျာစုကို ပထမဆုံး အကြိမ် ပေးပို့ဖော်ပြခဲ့ဖူးပါသည်။

### ကဗျာစာကို ဖြည့်စွက်ရေးသားထား

အဆိုပါ ဝါတွင်းချိန်ကဗျာတွင် လေးဆစ်ပုဒ်ရေ ၁၂ ပုဒ်ပါပါသည်။ ကျွန်တော် ရေးထားသည်မှာ ဆရာကြီး၏ ကဗျာတစ်ကြောင်းချင်းစီ၏ ရှေ့တွင် ကျွန်တော်စပ်ဆိုသော ကဗျာစာကို ဖြည့်စွက် ရေးသားထားခြင်း ဖြစ်ပါသည်။ ဆရာကြီး၏ ကဗျာမူရင်းက တစ်ပိုင်း၊ ကျွန်တော် ဖြည့်စွက်ရေးသားထားသည်က တစ်ပိုင်းဖြစ်ပါသည်။ (ကဗျာကို သီးခြားဖော်ပြထားပါသည်။) မူရင်းလေးဆစ် ကဗျာကိုလည်း မူလ ကဗျာအနှစ်သာရမပျက်၊ မျက်စိထဲ ပိုပြီးပေါ်လွင်လာစေအောင် ကြိုးစားအားထုတ်ထားပါသည်။ လေးဆစ်ပုဒ်ရေ ၁၂ ပုဒ်တွင် တစ်ပုဒ်မှာ မူရင်းစာဆို ဆရာကြီးမင်းသုဝဏ် စပ်ဆိုခဲ့သည့် လေးဆစ်ကဗျာ အတိုင်း ဖြစ်ပါသည်။ ဤနေရာတွင် စာပေစုံထောက်များ လေ့လာရှာဖွေနိုင်စေရန် မည်သည့်အပုဒ်ဟု ညွှန်းဆိုမဖော်ပြတော့ပါ။

ဆရာကြီးမင်းသုဝဏ်က ကျေးလက်တောရွာအခြေပြုကဗျာများစွာကို ပြောင်မြောက်စွာ ဖွဲ့ဆိုခဲ့သူဖြစ်သဖြင့် ဆရာကြီး၏ အာဘော်ကို မပျက်ရအောင် အတိမ်းအစောင်းမခံဘဲ ဖြည့်စွက်ရေးသားထားပါသည်။ ဆရာကြီးရေးဖွဲ့သော ကဗျာများ၏ အသံဖွဲ့စည်းမှုကို လိုက်မီအောင် ကြိုးစားရေးဖွဲ့ထားပါသည်။ ကျွန်တော်ကိုယ်တိုင်လည်း တောသူတောင်သားမိဘနှစ်ပါးမှ မွေးဖွားပြီး အသက်အရွယ် အတော်အတန်ရသည်အထိ ကျေးလက်တွင် ကြီးပြင်းခဲ့ရသူဖြစ်သောကြောင့် ဆရာကြီး၏ ဟန်နှင့်ဖွဲ့ဆိုမှုကို မမီနိုင်သော်လည်း ကျေးလက်ရနံ့ကိုမူ ဆရာကြီး၏ ခြေဖျားလောက်တော့ မီမည်ဟု ကိုယ့်ကိုယ်ကိုယ် အထင်ရောက်ဖူးပါသည်။

စာချစ်သူ ကဗျာချစ်သူ၊ နှစ်သက်မြတ်နိုးသူတို့ ဝေဖန်သုံးသပ်နိုင်စေရန် အမှတ်တရ ဖော်ပြလိုက်ရပါသည်။

**ယခုပြန်လည်တွေ့ရှိသော လေးဆစ်ကဗျာစုလေးမှာ ၁၉၅၅ ခုနှစ် အောက်တိုဘာလအတွင်း (ရက်အတိအကျမမှတ်မိတော့) ကျွန်တော့် အသက် ၂၀ အရွယ် ရန်ကုန်တက္ကသိုလ်တွင် မြန်မာစာ ဂုဏ်ထူးတန်းတက်နေချိန်၊ ဂုဏ်ထူးတန်းပထမနှစ်တွင် ဆရာကြီးမင်းသုဝဏ်၏ ဝါတွင်းချိန် ကဗျာလေးကို ဖတ်မိပြီး ကဗျာလေးကိုလည်း နှစ်သက်၊ ဆရာ့အားလည်း ကြည်ညိုလေးစားသဖြင့် ဆရာကြီး၏ အဆိုပါ ဝါတွင်းချိန်ကဗျာတွင် လေးဆစ်ကဗျာစပ်နည်း မူမပျက်စေဘဲ ထပ်ပိုးဖြည့်စွက်ပြီး စပ်ဆိုသိမ်းဆည်းထားခဲ့သော ကဗျာဖြစ်**

### ဝါတွင်းချိန်

❖ သံလွင်လွင်ပန္နင်တေးရယ်နဲ့၊ ငှက်ကလေးက စိုးစီစိုးစီ၊
ငါတို့အိမ် ဟိုအနောက်က၊ ဝင်းပေါက်မှာမြည်၊
ကြက်ဖကြီးက တွန်သံချီ၊ ချိန်တန်ပြီ ညီမထွေးရဲ့၊
အချိန်မီ အရုဏ်တက်မှာ၊ ဆွမ်းချက်စို့လေး။

❖ ကိုယ်လိုရာဆုတောင်းလို့၊ ဦးပေါင်းကို ဆွမ်းတော်တင်၊
ခွက် ပန်းကန် အုပ်ဆောင်းနဲ့၊ သုံးချောင်းထောက်ပြင်၊
တောင်းဆုငယ် တသွင်သွင်၊ သံလွင်လွင် ကြေးစည်တီးလို့၊
မြတ်ခေမာ ဦးတည်မှန်းလို့၊ ထွန်းတဲ့ဆီမီး။

❖ မြတ်ကုသိုလ် ဝေငှလို့၊ အမျှတဲ့ သုံးကြိမ်ဝေ၊
ဝသုန်ကို သက်သေညွှန်းလို့၊ သွန်းတဲ့ညောင်ရေ၊
ကိုးဆယ့်ခြောက် ဘယာသွေ၊ မာပါစေ ကမ္ဘာသား၊
ဝီစိရယ် တိုင် ဘဝဂ်၊ အောက်ထက်နံလျှား။

❖ သံသာသာ မြည်ကျူးပေ့၊ ရွာဦးက ကြေးစည်သံ၊
ဝါးပင်ပျို အရိပ်ကောင်းတဲ့၊ ကျောင်းဝေဠုဝန်၊
ကြေးစည်က ညံညံ၊ ဆွမ်းတော်ခံ ကိုရင်ကြွလိမ့်
ကိုရင်လာ အသင့်ကမ်းရအောင်၊ ဆွမ်းအုပ်ပြင်ပ။

❖ ဝါဝင်မီ သင်္ကန်းဆီးတဲ့၊ ကိုရင်ကြီး ပျိုတို့မောင်၊
ခေါင်းမထောင် ဦးလည်ကျိုးလို့၊ ညိုးနွဲ့ယောင်ယောင်၊
ညှက်တက်တက် ညှောင်တောင်တောင်၊ ပျိုတို့မောင် မာပါစ၊
ညီမငယ် ရွှေတစ်လေးတို့၊ မေးလိုက်ပါကြ။

❖ စိတ်ပူကာ ဗျာမချဲ့ပါနဲ့၊ မာပါရဲ့ အထွေးရယ်၊
မေးရှာသူ မရွှေချောကို၊ ပြောလိုက်ပါကွယ်၊
မောလွန်းလို့ ထင်ရဲ့ကွယ်၊ ရွာလယ်မှာ ကိုရင်ပန်းလို့
ပွင့်ရွှေကြာ နေပြောက်ထိုးသို့၊ ညိုးလျရှိနွမ်း။ ။

❖ ဆံဖြူဖြူ ကုန်းကွကွနဲ့၊ ကပ္ပိယ အဘိုးအို၊
ဘုန်းဆန်ဆန် မူတစ်မျိုးရယ်နဲ့၊ ဆိုးလှတယ်ဆို၊
ရိပ်စမို့ ဆံတိုတို၊ တို့ကိုရင် ထိပ်ပြောင်သားကို၊
ကလားတက်တို ဟိုအငေါက်နဲ့၊ ခေါက်လိမ့်လေလား။

❖ ဟင်းလေးကို ကျိုချက်လို့၊ မနက်က ထည့်လိုက်တယ်၊
ဆွမ်းတော်ခံ အလာသင့်၊ ကိုရင့်ဖို့ကွယ်၊
ဒုက္ခပဲဟယ်၊ ရွာလယ်မှာ သူငယ်လဲတယ်
ဟိုသူငယ် သူထမ်းတဲ့၊ ဆွမ်းတော်ခွက် ကွဲ။

❖ ဆံစပ်မှာ ရေးရေးနဲ့၊ ချာရစ်လေး မပျောက်ခင်၊
မီးထိန်ထိန် ဝါကျွတ်ရက်၊ ထွက်ခဲ့စေချင်၊
သည်မေကို တကယ်ကြင်၊ လိင်ပြန်ရင် ဆံရှည်ထားပါနဲ့၊
ဆံရှည်ရင် မောင့်ဦးစွန်းမှာ၊ သန်းတွေက များ။

❖ လိင်ပြန်ရင် ကိုရင်ဝတ်ဖို့၊ ပလေကတ် အနံကျယ်၊
ပျိုကိုယ်တိုင် အမြန်ပြေးလို့၊ ဈေးကြိုက ဝယ်၊
ဒါမျိုးဖြင့် မကြိုက်ဟယ်၊ အနံကျယ် ခါးပုံနွဲ့တယ်၊
မဝတ်လို အနံ့ယုတ်အောင်၊ ဆုတ်လိုက်ပါတဲ့။

❖ ဆွမ်းတော်ခံ ကိုရင်ကြွတော့၊ မယ်စလို့ မေးလိုက်တယ်၊
ရှင်လိင်ပြန် ဘယ်တော့ရက်၊ ထွက်ခဲ့ပါ့မယ်၊
မျက်နှာငယ်ငယ်၊ ဘယ့်နှယ်မှ မမိန့်၊
ဒီတစ်ဝါ အနိုင်ခဲလို့၊ နွဲ့ရရှာလိမ့်။

❖ မလေးရယ် ကြိုဆီးတော့၊ ကိုရင်ကြီး လာမယ်ဆို၊
လေးပျိုပျို လည်ကိုစင်း၊ ဝင်းပေါက်က ကြို၊
ဟောကြည့်ကြဗျို့၊ အို အလို ကိုရင်ထွက်ကယ်၊
ပျို့ကိုရင် ကိုလူကြွား၊ ငါး ငါးပိချက်။ ။

မူရင်းကဗျာဆရာ - မင်းသုဝဏ် (၁၀ ဖေဖော်ဝါရီ ၁၉၀၉ - ၁၅ ဩဂုတ် ၂၀၀၄)၊ ဖော်ပြသည့်နှစ်-၂၁၊ မေ ၁၉၃၆၊ ဖြည့်စွက်စပ်ဆိုသူ - သာဒိုးအောင်၊ စပ်ဆိုသည့်နှစ် - ၁၉၅၅၊ အောက်တိုဘာ။

နိုင်ငံတကာမျက်မမြင်လမ်းလျှောက်တုတ်နေ့အထိမ်းအမှတ် အသိပညာပေးဆောင်းပါး

# လမ်းလျှောက်တုတ်သည် အမြင်အာရုံမသန်စွမ်းသူ၏ အမှတ်အသား

ဆက်လက်ဝဲ (MDevS)

နိုင်ငံတကာ မျက်မမြင်လမ်းလျှောက်တုတ်နေ့ (International White Cane Day) ကို အမြင်အာရုံမသန်စွမ်းသူများ၏ လူ့အသိုင်းအဝိုင်းတွင် သွားလာလှုပ်ရှားနိုင်မှုနှင့် ပါဝင်ဆောင်ရွက်နိုင်မှုကို မြှင့်တင်နိုင်ရေးအတွက် ရည်ရွယ်ကာ နှစ်စဉ်အောက်တိုဘာ ၁၅ ရက်တွင် ကျင်းပကြပါသည်။

မြန်မာနိုင်ငံတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ရန်ကုန်မြို့နှင့် ဒေသအသီးသီးမှ မျက်မမြင်ကျောင်းများ၊ အလုပ်ရုံများမှ အမြင်အာရုံမသန်စွမ်းသူများအား ဖိတ်ကြား၍ နိုင်ငံတကာ မျက်မမြင်လမ်းလျှောက်တုတ်နေ့ အထိမ်းအမှတ် လမ်းလျှောက်ပွဲများကို ၁၉၉၂ ခုနှစ်မှ စတင်ပြီး ကျင်းပခဲ့ပါသည်။ တစ်နည်းအားဖြင့် အမြင်အာရုံ မသန်စွမ်းသူများအား လူ့အသိုင်းအဝိုင်းအတွင်း အပြန်အလှန်လေးစားမှုနှင့် လွတ်လပ်စွာ သွားလာလှုပ်ရှားနိုင်မှုကို အများပြည်သူက ပံ့ပိုးဆောင်ရွက်ရန် အသိပညာ ပေးခြင်းဖြစ်ပါသည်။




○ **ကမ္ဘာ့နိုင်ငံများတွင် တစ်စိတ်တစ်ဒေသမြင်သူများအပါအဝင် အမြင်အာရုံမသန်စွမ်းသူများသည် လမ်းလျှောက်တုတ်ကို အသုံးပြုခြင်းဖြင့် မည်သည့်ပတ်ဝန်းကျင်တွင်မဆို ဘေးကင်းစွာ သွားလာလှုပ်ရှားနိုင်ခြင်း၊ မိမိကိုယ်မိမိ ယုံကြည်မှုရှိလာခြင်း၊ လွတ်လပ်မှုရှိခြင်းတို့ကြောင့် လမ်းလျှောက်တုတ်ကို အထောက် အကူပြုကိရိယာအဖြစ် ပိုမိုအသုံးပြုလာကြ**

**မျက်မမြင်လူဦးရေ**

အသက်အရွယ်ကြီးမြင့်ခြင်း သို့မဟုတ် မျက်စိရောဂါဖြစ်ခြင်း သို့မဟုတ် ထိခိုက်ဒဏ်ရာရခြင်း (သို့မဟုတ်) မွေးရာပါအခြေအနေများ အပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ကမ္ဘာတစ်ဝန်းရှိ သန်းပေါင်းများစွာသောလူများကို အမြင်အာရုံချို့ယွင်းအားနည်းမှု သို့မဟုတ် မသန်စွမ်းမှုကို ဖြစ်စေနိုင်ပါသည်။ Vision Center ၏ ၂၀၂၄ ခုနှစ် စက်တင်ဘာ စာရင်းများအရ ၂ ဒသမ ၂ ဘီလီယံကျော် လူများသည် အမြင်အာရုံမသန်စွမ်းမှုကို ခံစားနေကြရကြောင်း သိရပါသည်။ ယင်းတို့အနက် အများစုသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နေထိုင်ကြပြီး အသက် ၅၀ ကျော်ပုဂ္ဂိုလ် အများစုပါဝင်ကြောင်း သိရှိရသည်။ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၏ မသန်စွမ်းသူ လူဦးရေသည် ၂ ဒသမ ၃ သန်းရှိနေပြီး ယင်းတို့အနက် ၅၄ ဒသမ ၁ ရာခိုင်နှုန်းသည် အမြင်အာရုံမသန်စွမ်းသူများ ဖြစ်ကြသည်။ ထို့ပြင် မည်သူမဆို အမြင်အာရုံမသန်စွမ်းသူဖြစ်နိုင်ကြောင်း သတိချပ်သင့်သည်။

**အထိမ်းအမှတ်နေ့**

အမြင်အာရုံမသန်စွမ်းသူများ၏ လွတ်လပ်စွာသွားလာလှုပ်ရှားမှုအတွက် အထောက်အကူဖြစ်သည့် မျက်မမြင်လမ်းလျှောက်တုတ် (White Cane) ကို သင်္ကေတပြု၍ ယင်းသို့ သွားလာလှုပ်ရှားနိုင်မှုကို ဂုဏ်ပြုသောအားဖြင့် အမေရိကန်နိုင်ငံတွင် မျက်မမြင်လမ်းလျှောက်တုတ်နေ့ကို ၁၉၆၄ ခုနှစ် အောက်တိုဘာ ၁၅ ရက်က စတင်သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ အမြင်အာရုံမသန်စွမ်းသူများသည် ရပ်ရွာအတွင်း သွားလာလှုပ်ရှားရာတွင် အကြားအာရုံနှင့် ထိတွေ့မှုအာရုံများပေါ်တွင် အားကိုးကြရပါသည်။

မျက်မမြင်လမ်းလျှောက်တုတ်သည် အမြင်အာရုံမသန်စွမ်းသူများအား အန္တရာယ်ကင်းစွာ သွားလာလှုပ်ရှားနိုင်ရန် ကူညီပေးနိုင်သည့် အရေးကြီးသော ကိရိယာတစ်ခု ဖြစ်ပါသည်။ လမ်းလျှောက်တုတ်ကို ၁၉၄၀ ပြည့်နှစ်များက စတင်တီထွင်၍ အသုံးပြုခဲ့ကြပါသည်။ အမြင်အာရုံမသန်စွမ်းသူသည် လမ်းလျှောက်တုတ်ကို ဆုပ်ကိုင်ကာ ရှေ့တွင်ထားရှိပြီး ခြေလှမ်းတိုင်းတွင် တွေ့ကြုံလာနိုင်သည့် အတားအဆီးများနှင့် အခြားအန္တရာယ်များကို ရှာဖွေတွေ့ရှိနိုင်ပါသည်။

**ပိုမိုအသုံးပြုလာ**

မသန်စွမ်းသူများအနေဖြင့် မိမိ၏ မသန်စွမ်းမှုအခြေအနေအရ လူမှုပတ်ဝန်းကျင်တွင် လွတ်လပ်စွာ သွားလာလုပ်ကိုင်ပါဝင်နိုင်ရန် အခက်အခဲများစွာရှိပါသည်။ ကိုယ်အင်္ဂါမသန်စွမ်းသူ၊ အကြားအာရုံမသန်စွမ်းသူ၊ ဉာဏ်ရည်မသန်စွမ်းသူများထက် အမြင်အာရုံ မသန်စွမ်းသူများသည် သွားလာလှုပ်ရှားရန် ပိုမိုခက်ခဲပါသည်။ အခြားကိုယ်အင်္ဂါအစိတ်အပိုင်းများ သန်စွမ်းသော်လည်း မမြင်နိုင်သည့်အတွက် အခွင့်အရေးပိုမိုဆုံးရှုံးနိုင်ပါသည်။

ကမ္ဘာ့နိုင်ငံများတွင် တစ်စိတ်တစ်ဒေသမြင်သူများအပါအဝင် အမြင်အာရုံမသန်စွမ်းသူများသည် လမ်းလျှောက်တုတ်ကို အသုံးပြုခြင်းဖြင့် မည်သည့်ပတ်ဝန်းကျင်တွင်မဆို ဘေးကင်းစွာ သွားလာလှုပ်ရှားနိုင်ခြင်း၊ မိမိကိုယ်မိမိ ယုံကြည်မှုရှိလာခြင်း၊ လွတ်လပ်မှုရှိခြင်းတို့ကြောင့် လမ်းလျှောက်တုတ်ကို အထောက်အကူပြုကိရိယာအဖြစ် ပိုမိုအသုံးပြုလာကြပါသည်။ လမ်းလျှောက်တုတ်ကို အသုံးပြုသူကို မြင်တွေ့သည်နှင့် ထိုပုဂ္ဂိုလ်သည် အမြင်အာရုံမသန်စွမ်းသူ သို့မဟုတ် မျက်မမြင်ဖြစ်ကြောင်း ယင်းပတ်ဝန်းကျင်ရှိ အခြားသူများက အလွယ်တကူ သိရှိစေနိုင်ပါသည်။

**အသုံးပြုပုံ**

ပုံစံကွဲပြားမှုရှိသော်လည်း အခြေခံအားဖြင့် လက်ကိုင်ရန်နေရာနှင့် အောက်ခြေတွင် အစွပ်ထိပ်ဖူးတို့ဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။ တုတ်ကို အလွယ်တကူ သယ်ယူနိုင်ရန်အတွက် အဆစ်အလိုက်ခွဲပြီး ခေါက်နိုင်သည့်ပုံစံကိုလည်း တွေ့နိုင်ပါသည်။ ထိပ်ဖူးသည် မြေပြင်အခြေအနေနှင့် အရာဝတ္ထုများ ရှိ၊ မရှိကို ထိတွေ့ခံစားနိုင်ရန် တပ်ဆင်ထားခြင်း ဖြစ်သည်။ တုတ်၏အမြင့်ကို အသုံးပြုသူ၏ အရပ်အမြင့်နှင့် လိုက်လျောညီထွေဖြစ်စေရန် အတိုးအလျှော့ လုပ်နိုင်ပါသည်။ မြေပြင်မှ သုံးစွဲသူ၏ ရင်ညွန့်နားအထိရှိရန် လိုအပ်ပါသည်။ လမ်းလျှောက်တုတ်ကိုကိုင်ရာမှာ ဖိုက်နှင့်တစ်တန်းတည်းထားပြီး မိမိရှေ့ရှိ လမ်းနှင့် အရာဝတ္ထုများကို ထိတွေ့စမ်းသပ်ကြရပါသည်။

ကိုင်ဆောင်ရာတွင် သန်ရာလက်ဖြင့် ကိုင်ဆောင်နိုင်ပြီး ဘယ်ခြေလှမ်းရာတွင် တုတ်ကို ညာဘက်သို့လည်းကောင်း၊ ညာခြေလှမ်းရာတွင် ဘယ်ဘက်သို့လည်းကောင်း ဘယ်ညာရွေ့ကာ ကိုင်တွယ်အသုံးပြုရပါသည်။ အမြင်အာရုံမသန်စွမ်းသူများအနေဖြင့် လမ်းလျှောက်တုတ်အား ကျွမ်းကျင်စွာ အသုံးပြုနိုင်ရေးအတွက် လေ့ကျင့်ရန် လိုအပ်ပါသည်။

**တိုက်တွန်းချက်များ**

၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ကျရောက်မည့် နိုင်ငံတကာ မျက်မမြင်လမ်းလျှောက်တုတ်နေ့ အသိပညာပေးအခမ်းအနားများကို ကမ္ဘာ့နိုင်ငံများ၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ကျရောက်မည့် နိုင်ငံတကာ မျက်မမြင်လမ်းလျှောက်တုတ်နေ့ကို ဂုဏ်ပြုကြိုဆိုရင်း အောက်ဖော်ပြပါ အချက်များအား တိုက်တွန်း အပ်ပါသည်-

၁။ လမ်းလျှောက်တုတ်သည် အမြင်အာရုံမသန်စွမ်းသူများကို လမ်းပြနိုင်ခြင်းနှင့် လွတ်လပ်စွာ သွားလာနိုင်ရေးအတွက် အထောက်အကူဖြစ်ခြင်းကြောင့် လမ်းလျှောက်တုတ်ကို အရေးပါသော ကိရိယာအဖြစ် အသိအမှတ်ပြုကာ အမြင်အာရုံမသန်စွမ်းသူ၏ အမှတ်အသားအဖြစ် သတိပြုကြပါရန်။

၂။ လမ်းအသုံးပြုသူတိုင်း လမ်းလျှောက်တုတ်အား အသုံးပြုကာ သွားလာနေသည့် အမြင်အာရုံမသန်စွမ်းသူများကို တွေ့ရှိပါက လမ်းစည်းကမ်းကို လိုက်နာလျက် သွားလာကြပါရန်။

၃။ လူသွားစင်္ကြံများ၊ လမ်းများအား လမ်းလျှောက်တုတ်ဖြင့် ထိတွေ့၍ (သို့မဟုတ်) အသံကြား၍ သိရှိနိုင်မည့် လိုအပ်ချက်များကို ထည့်သွင်းတည်ဆောက်ပေးပါရန်။

၄။ မသန်စွမ်းသူများအတွက် ဝန်ဆောင်မှုများ၊ သင်တန်းများနှင့် အရင်းအမြစ်များကို ပံ့ပိုးပေးနေသည့် အဖွဲ့အစည်းများသို့ လှူဒါန်းကြပါရန်။

၅။ ရပ်ရွာအသိုင်းအဝိုင်းတွင် နေထိုင်ကြသော မသန်စွမ်းသူများကို မိမိ၏ အချိန်နှင့် လုပ်အားကို အသုံးပြု၍ စေတနာ့ဝန်ထမ်းအဖြစ် အကူအညီပေးပါရန်။

၆။ ဤအသိပညာပေးဆောင်းပါးကို ဖတ်ရှု၍ အခြားမဖတ်မိသူများအား ဆက်လက်မျှဝေပေးပါရန်။

## ရန်ကင်းမြို့နယ်၌ ဘိုးဘွားများအား သက်ကြီးပူဇော်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ် (၅) ရပ်ကွက် ဓမ္မိကဓမ္မာရုံ၌ အောက်တိုဘာ ၁၃ ရက်က (၄၉) ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို ပြုလုပ်သည်။

အခမ်းအနားတွင် အမှတ် (၅) ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမျိုးမြင့်က အမှာစကားပြောကြားပြီး သက်ကြီးပူဇော်ပွဲ ကျင်းပရေးကော်မတီအတွင်းရေးမှူး ဦးဇော်မင်းထွန်းက ဘဏ္ဍာရေးဆိုင်ရာ ရ/သုံးငွေစာရင်းကို ဖတ်ကြားသည်။

ထို့နောက် ရပ်ကွက်အတွင်းရှိ အသက် ၇၅ နှစ်အထက် ဘိုးဘွား ၁၈၀ အား ကန်တော့ခဲ့ကြပြီး ပင်မကန်တော့ခံငွေများနှင့် ကန်တော့ခံပစ္စည်းများကို ဘိုးဘွားများအား ပေးအပ်လှူဒါန်းခဲ့ကြကာ တစ်ဦးချင်း အလှူရှင်များ၏ ကန်တော့ခံငွေများကို စာအိတ်ထဲထည့်ကာ စာရေးတံမဲနှိုက် လှူဒါန်းပေးအပ်ကန်တော့ခဲ့ကြကြောင်း သိရသည်။

လှလှထွေး (ပြန်/ဆက်)



# (၆) ကြိမ်မြောက် ကမ္ဘာ့မီဒီယာထိပ်သီးညီလာခံသို့ မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်

**အုရုမုချီ အောက်တိုဘာ ၁၄**

(၆) ကြိမ်မြောက် ကမ္ဘာ့မီဒီယာထိပ်သီးညီလာခံ (The 6th World Media Summit – WMS) ကို ယနေ့ နံနက်ပိုင်းက တရုတ်နိုင်ငံ ရှင်းကျန်းဝီဂါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အုရုမုချီမြို့ Xinjiang International Convention & Exhibition Center ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနမှ မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်သည်။ ကမ္ဘာ့မီဒီယာထိပ်သီးညီလာခံကို ၂၀၀၉ ခုနှစ်မှ စတင်ကာ Xinhua News Agency ၊ Associated Press ၊ Reuters၊ TASS ၊ Kyodo News တို့က ဦးဆောင်၍ နိုင်ငံတကာမှ ထင်ပေါ်ကျော်ကြားသော မီဒီယာအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ အဆင့်မြင့်ကမ္ဘာ့မီဒီယာ ပူးပေါင်းဆောင်ရွက်နိုင်ရန် စင်မြင့်တစ်ခုအနေဖြင့် နှစ်စဉ်ကျင်းပခြင်းဖြစ်သည်။

အစည်းအဝေးသို့ နိုင်ငံပေါင်း ၁၀၆ နိုင်ငံမှ မီဒီယာအဖွဲ့များ၊ အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၅၀၀ ကျော်၊ ကုလသမဂ္ဂအေဂျင်စီများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ပါဝင်တက်ရောက်ကြသည်။



ယခုနှစ် ညီလာခံဆောင်ပုဒ်ကို “ AI နည်းပညာနှင့် ပြောင်းလဲလာသည့် မီဒီယာဖွံ့ဖြိုးတိုးတက်မှု” (Artificial Intelligence and Media Transformation) ခေါင်းစဉ်ဖြင့် သတ်မှတ်ကျင်းပသည်။

ဆွေးနွေးပွဲတွင် တိုးတက်ပြောင်းလဲမှုဖြစ်စဉ် – ဉာဏ်ရည်တုအသုံးပြု၍ သတင်းထုတ်ပြန်ခြင်း (Development and Change : the Use of AI in Media Development)၊ နည်းဥပဒေနှင့် တာဝန်များ– ဉာဏ်ရည်တုခေတ်တွင်ထားရှိရမည့် သတင်းသမားကျင့်ဝတ် (Rules and Responsibilities : Journalistic Ethics in the AI Age)၊ အဖြစ်မှန်နှင့် အမှန်တရား – ဒစ်ဂျစ်တယ်ခေတ်တွင် မီဒီယာ၏ ဘုံတာဝန် Fact and Truth : the Common Mission of Media in the Digital Age) ဆိုင်ရာများကို ဆွေးနွေးကြသည်။

ဆွေးနွေးပွဲ ဒုတိယပိုင်းတွင် ပူးပေါင်းဆောင်ရွက်မှုနှင့် သဘောတူညီမှု – ပိုးလမ်းမကြီးတစ်လျှောက် ပြည်သူမှ ပြည်သူသို့ သတင်းဖလှယ်ရေး– Cooperation and Consensus : People – to – People Exchangs along the Belt & Road ၊ နှစ်ဦးနှစ်ဖက် အကျိုးများစေမည့် အခွင့်အလမ်းများ၊ နိုင်ငံအချင်းချင်း၊ အစိုးရအချင်းချင်း ပွင့်လင်းမြင်သာမှု အရည်အသွေး ဖွံ့ဖြိုးတိုးတက်ရေး Opportunities and Win – Win : High Level Opeing – up and High – quality Development in Xianjiang တို့ကို ဆွေးနွေးခဲ့ကြသည်။

ဤထိပ်သီးအစည်းအဝေးသည် ကမ္ဘာလုံးဆိုင်ရာ မီဒီယာများကြား အပြန်အလှန်ဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုနက်ရှိုင်းစေမည်ဖြစ်ပြီး ၎င်းတို့အတွက် AI ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အောင်မြင်မှုများကို နိုင်ငံများအကြား မျှဝေရာတွင် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ လူသားမျိုးနွယ်အတွက် အနာဂတ်ကိုမျှဝေပေးခြင်းနှင့်အတူ အသိုက်အဝန်းတစ်ခု တည်ဆောက်ရေးကို တိုးတက်လာစေရန်နှင့် ကမ္ဘာကြီးကို ပိုမိုကောင်းမွန်သောနေရာတစ်ခုဖြစ်စေရန်အတွက်၊ အထောက်အကူဖြစ်စေရန်အတွက် မီဒီယာများ၏ စုပေါင်းအင်အားကို အသုံးပြုရမည်ဖြစ်ကြောင်း၊ World Media Summit သည် ကမ္ဘာလုံးဆိုင်ရာ မီဒီယာကဏ္ဍတွင် အဆင့်မြင့်ဖလှယ်မှုများနှင့် ပူးပေါင်းဆောင်ရွက်မှုအတွက် အရေးကြီးသော platform တစ်ခုဖြစ်ကြောင်း ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

## ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ လိုအပ်သည့်သန့်ရှင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း



**နေပြည်တော် အောက်တိုဘာ ၁၄**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ ကျေးရွာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တက်ကြွစွာ ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ်အတွင်းရှိ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဌာနဆိုင်ရာ အဆောက်အဦများ၊ လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့် နုန်းများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှားပေးခြင်း အပါအဝင် အခြား လိုအပ်သည်များကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့နယ်အတွင်းရှိ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက လွိုင်လင်မြို့ရှိ မင်္ဂလာအနောက်ကျောင်းတိုက်၌ သွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကာ(ဝဲပုံ) လွိုင်လင်မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ ပညာဗလ အား ဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိုးအဆက်မပြတ်ရွာသွန်း၍ ချောင်းရေတိုက်စားပျက်စီးသွားသော ကျေးရွာချင်းဆက်တံတား ပြန်လည်ပြုပြင်နိုင်ရေး ကွင်းဆင်းတိုင်းတာ

**တောင်တွင်းကြီး အောက်တိုဘာ ၁၄**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်အတွင်း မိုးအဆက်မပြတ်ရွာသွန်း၍ ချောင်းရေတိုက်စားမှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သော ကျေးရွာချင်းဆက်တံတားကို သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန တာဝန်ရှိသူများက ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်ရေး ယမန်နေ့က ကွင်းဆင်းကြည့်ရှုတိုင်းတာသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်) မှ အင်ဂျင်နီယာချုပ် ဦးကျော်ကျော်ထွေး၊ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဇော်မင်း၊ မကွေးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနေအောင်ဆန်းနှင့် တာဝန်ရှိသူများက မိုးအဆက်မပြတ်ရွာသွန်း၍ ချောင်းရေတိုက်စားမှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သော တောင်တွင်းကြီး – မကွေးကားလမ်းမှ မြင်းစုလမ်းပေါ်ရှိ အရှည်ပေ ၂၅၀ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ထားသော သံကူကွန်ကရစ်တံတားနေရာတွင် ရေငုပ်တံတားအမျိုးအစား ၄၀၀ ပေ (၁) စင်း တည်ဆောက်မည့်နေရာ ကွင်းဆင်းကြည့်ရှုပြီး အင်ဂျင်နီယာချုပ်က အသစ်တည်ဆောက်မည့် တံတားတည်နေရာ ရွေးချယ်



သတ်မှတ်ပေးကာ တံတားတည်ဆောက်ရေးအဖွဲ့က တိုင်းတာခြင်းများ ဆောင်ရွက်ခဲ့ကြောင်း မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခိုင်ခိုင်ထွေးထံမှ သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

## မတ္တရာမြို့နယ် ဝသုန္ဒရကျေးရွာအနီး နွားကျောင်းနေသည့် ကလေး ၁၀ ဦးနှင့် အုတ်ဖိုမြို့နယ် ဝိုင်းကျေးရွာအနီးရှိ ဒေသခံပြည်သူ ၂၀ တို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြောင်းမဲ့ ဖမ်းဆီးသွားခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ဝသုန္ဒရကျေးရွာအနီးတွင် နွားကျောင်းနေသည့် အသက် ၁၅ နှစ်အရွယ် ကလေး ၁၀ ဦးကို အောက်တိုဘာ ၁၁ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးသွားကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ မတ္တရာမြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းခဲ့ရာ ၎င်းသတင်းမှာ မှန်ကန်မှုမရှိကြောင်းနှင့် မတ္တရာမြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် PDF အမည်ခံ အကြမ်းဖက်သမားများက ဝင်ရောက်ဖျက်ဆီးခြင်း၊ ဒေသခံပြည်သူများကို ဖမ်းဆီးခြင်းများရှိသည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိပြီး ပြည်သူများကို အကြောင်းမဲ့ ဖမ်းဆီးခြင်းများမရှိကြောင်း သိရှိရသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် ဝိုင်းကျေးရွာအနီးတွင် အောက်တိုဘာ ၁၃ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များ မိုင်းဆွဲတိုက်ခိုက်ခံရကြောင်းနှင့် အဆိုပါ တိုက်ခိုက်ခံရမှုကြောင့် ဖြစ်စဉ်ဖြစ်ပွားသည့်နေရာမှ ဒေသခံပြည်သူ ၂၀ ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြောင်းမဲ့ဖမ်းဆီးသွားသည်ဟု သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုံ့ဆော်ဝါဒဖြန့်ဝေလျက်ရှိသည်ကိုတွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ အုတ်ဖိုမြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ၎င်းရက်နေ့တွင် ဝိုင်းကျေးရွာအနီး လုံခြုံရေးတပ်ဖွဲ့ဝင်များ မိုင်းဆွဲတိုက်ခိုက်ခံရသည့် ဖြစ်စဉ် ဖြစ်ပွားခဲ့ခြင်းမရှိကြောင်းနှင့် ဒေသခံပြည်သူများကိုလည်း ဖမ်းဆီးခဲ့သည်မှာ မှန်ကန်မှုမရှိကြောင်း သိရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများက နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်နှင့် ဂုဏ်သိက္ခာကျဆင်းစေရန်အတွက် ယခုကဲ့သို့ သတင်းတု၊ သတင်းအမှားများဖြင့် မဟုတ်မမှန် လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**






## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၂/တိုးချဲ့)၊ ဦးဝိစာရလမ်း၊ မြေကွက်အမှတ် (၁၈၈)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဒေါ်နိုင်နှင်းဖြိုး (၉/အမဇ (နိုင်) ၀၂၂၈၁၉) အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်နိုင်နှင်းဖြိုး ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

